ကာလေန ဓမ္မဿဝန် ဇတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၁)

ယနေ့ထုတ်
စာမျက်နှာ ၁၀ ၊ ကျပ် ၂၀

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံသားတို့အပေါ် ကျရောက်မည့် အန္တရာယ်မှန်သမျှ ပြည်သူနှင့်လက်တွဲပြီး သက်စွန့်ကြိုးပမ်းတွန်းလှန်ကြ

ဒို့တပ်မတော်သားတွေဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ရင်နှစ်သည်းချာတွေဖြစ်တယ်။ ဒါကြောင့် ရောက်လေရာ ဒေသတိုင်းမှာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ကြဖို့နဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အပေါ် ကျရောက်မယ့် အန္တရာယ်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး သက်စွန့်ကြိုးပမ်း တွန်းလှန်ကြဖို့ မှာကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ–

မြန်မာအမျိုးသမီးများ နိုင်ငံနှင့်လူမျိုးအတွက်အရေးကြုံလာတိုင်း အမျိုးသားများနှင့်မခြားစွမ်းဆောင်နိုင် နိုင်ငံတော်က အမျိုးသမီးကဏ္ဍအက်လက်ဖွံ့ဖြိုးတိုးတက်ရေး ဝန်ဝတ္တရားပေးဆောင်ရွက်နေ အမျိုးသမီးများဘဝမြင့်မားတိုးတက်ရေးအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး တိုးတွင်ကြီးကြီးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် တက်ရောက်ချီးမြှင့်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြားသည်။

စုံညီအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီး ရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၂၉ ရက်)

တပ်မတော်က အကောင်အထည်ဖော်နေသည့် မူဝါဒလမ်းစဉ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်

တပ်မတော်သည် နိုင်ငံ့တာဝန်ယူခဲ့ချိန်မှစ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တပ်မတော်သည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်မှု စွမ်းပကားကို ရယူကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် တပ်မတော်သည် အမျိုးသားရေးသမိုင်းကပြဋ္ဌာန်းချမှတ်ထားသော အခန်းဆက် တာဝန်ဖြစ်သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။

တပ်မတော်သည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးကို ဦးတည်ဆောင်ရွက် လာခြင်းနှင့်အတူ နိုင်ငံတော်၏ အခြေခံအဆောက်အအုံဖြစ်သော စီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်လာရေး ကိုလည်း ဟန်ချက်ညီစွာ တည်ဆောက်ပေးနေသည်။

တပ်မတော်သည် စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများတွင် လမ်းပန်း ဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းပြီး အစီအစဉ်များချမှတ် ဆောင်ရွက်နေသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းပြီး ပုဂ္ဂလိကနှင့် သမဝါယမ ကဏ္ဍများအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုလည်း အားပေးလျက်ရှိသည်။

နိုင်ငံတော်၏လိုအပ်ချက်နှင့်အညီ အလတ်စား၊ အကြီးစားစက်ရုံများကို တည်ဆောက်ပေးလျက်ရှိရာ ၁၉၈၈-၈၉ ခုနှစ်က စက်ရုံအလုပ်ရုံ အသေးအလတ်အကြီး လေးသောင်းနှစ်ထောင်ရှိရာမှ ယနေ့ ကာလတွင် စက်ရုံအလုပ်ရုံပေါင်း ငါးသောင်းခုနစ်ထောင်ကျော် ရှိလာခဲ့သည့်အပြင် ၁၉၈၈ ခုနှစ်တွင် အလုပ်သမားဦးရေ ၁၈ သန်းရှိရာမှ ယနေ့ကာလတွင် ၂၅သန်းအထိရှိလာခဲ့သည်။

တပ်မတော်သည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော လျှပ်စစ်စွမ်းအား ကဏ္ဍကိုလည်း တိုးတက်ရန်ဆောင်ရွက်ခဲ့ရာ ၁၉၈၈-၈၉ ခုနှစ်က လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း၂၂၂၅ ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၅၀၂၄ ကျော်ထုတ်လုပ်နိုင်ခဲ့သည်။

တပ်မတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍတို့၏ တည်ဆောက်ဆဲစီမံကိန်းများ အပါအဝင် ပြည်သူတို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လာမည့်ငါးနှစ်ကာလအတွင်း စုစုပေါင်း ဓာတ်အားမဂ္ဂါဝပ် ၂၀၀၀ ပိုမိုထုတ်လုပ်နိုင်ရေးကို စီမံကိန်းများချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏အခြေခံစီးပွားရေးဖြစ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလည်း လက်မှု လယ်ယာမှ စက်မှုလယ်ယာအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် ရေသွင်းစိုက်ပျိုးဧက တိုးတက်လာစေရန် ဆည်မြောင်းတာတမံစီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို ဆောင်ရွက်ပေးခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းသည် အချိန်နှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။

တပ်မတော်သည် တည်ငြိမ်သော နိုင်ငံရေးအခြေအနေကောင်းများရရှိရေးအတွက် အမျိုးသားစည်းလုံး ညီညွတ်ရေးကို ဦးတည်ဆောင်ရွက်ခဲ့ရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက် ရေးကိုလည်း အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပထမဦးစားပေး အဆင့်အဖြစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများအတွက် အခြေခံကျသော လမ်းတံတားတည်ဆောက် ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အား၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးကဏ္ဍတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းများကို ၁၉၈၉ခုနှစ်မှ ၂၀၀၄ခုနှစ်ဖေဖော်ဝါရီလကုန်အထိ ငွေကျပ်သန်းပေါင်း ၅၀၂၄၅ ဒသမ ၇၅သန်းကျော် ကျခံသုံးစွဲအကောင်အထည်ဖော်ပေးခဲ့ပြီးဖြစ်သည်။

တပ်မတော်သည် အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်တည်ပေါ်ထွန်းလာရေးအတွက် အပေါ်ထပ်အဆောက် အအုံဖြစ်သည့် နိုင်ငံရေးဘဝ တည်ဆောက်မှုများနှင့်အတူ အခြေခံအဆောက်အအုံဖြစ်သော စီးပွားရေးဘဝ အခြေခံကောင်းများအား ဟန်ချက်ညီစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းများအဖြစ် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တက်ကြွစွာ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကြွင်းမဲ့ ဒီမိုကရေစီပိုင်စိုးခြင်း၏ အနှစ်သာရကို ဖော်ဆောင်ပေးမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည့်အလျောက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပါဝင် ပူးပေါင်းဆောင်ရွက်မှု စွမ်းပကားဖြင့် အောင်မြင်အောင် စွမ်းဆောင်သွားနိုင်မည်ဟု ယုံကြည် ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အဝိဋ္ဌာန်

"အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်တို့ တည်ထောင်ခဲ့သည့် ထက်မြက်သော တပ်မတော်များ၏ လက်ဆင့်ကမ်း အမွေခံလျက် ပိုမိုအင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည် ဆောက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တည်ဆောက် ကြပါစို့"

မတ် ၂၃ ရက်က သမိုင်း ဒေဝနိမ္မိကာရမ် ကျောင်းဆရာတော်ဦးကုဏ္ဍလ က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မရမ်းကုန်း မြို့နယ် ရုံး သို့ ပေစာနှင့်တစ်နှစ်စာမဂ္ဂဇင်းအလှူငွေကျပ်တစ်သောင်းကို ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် အုပ်ချုပ်မှုကောင်စီ အထူးအစည်းအဝေးတက်ရန် ဝန်ကြီးဦးဝင်းအောင်ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၂၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်သည် ကိုရီးယားသမ္မတနိုင်ငံ ဂျီဂျူတွင် မတ်၂၉ရက်မှ ဧပြီ ၁ ရက်အထိ ကျင်းပရန်ရှိသည့် ကုလသမဂ္ဂ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ် အုပ်ချုပ်မှုကောင်စီ၏ အဋ္ဌမအကြိမ်အထူးအစည်းအဝေး/ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးအဆင့် ဖိုရမ်သို့တက်ရောက်ရန် ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူးဦးသောင်းထွန်းလည်း လိုက်ပါသွားသည်။

ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် အုပ်ချုပ်မှုကောင်စီ၏ အထူးအစည်းအဝေး/ကမ္ဘာလုံး ဆိုင်ရာ ပတ်ဝန်းကျင်ရေးရာဝန်ကြီးအဆင့် ဖိုရမ်ကို ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အခြေအနေများကို သုံးသပ်ရန် ရှေ့ဆက်ဆောင်ရွက်ရမည့် ထိရောက်သော လုပ်ငန်းစဉ်များ ချမှတ်ရန်အတွက် နှစ်နှစ်လျှင် တစ်ကြိမ်ကျ ၂၀၀၀ ပြည့်နှစ်မှ စတင်ကျင်းပသည်။ ယခုကျင်းပသည့် ဖိုရမ်သည် အာရှတွင် ပထမအကြိမ်မြောက် အထူးအစည်းအဝေးဖြစ်ပြီး ပတ် ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်း များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ကြသူများ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ ဖိုရမ်တွင် ယနေ့ ဒေသအတွင်း ရင်ဆိုင် ကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာရပ်များ၏ ဆက်နွှယ်မှုများကို လေ့လာသုံးသပ်ခြင်း၊ (၂၁)ရာစုအစီအစဉ် အကောင်အထည် ဖော်ရေး၊ ဂျိုဟန်နစ်စဘတ်စီမံချက် အကောင်အထည် ဖော်ရေးလုပ်ငန်းများဆွေးနွေးခြင်း၊ ထောင်စုနှစ်ဖွံ့ဖြိုး တိုးတက်မှု ရည်မှန်းချက်များကို ဆက်လက်အကောင် အထည်ဖော်ရေး ကိစ္စတို့ကို ချမှတ်ရန်ရှိသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဆိုးလ်မြို့ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးနေဝင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ထွေး ညိုညိုနှင့် ဆိုးလ်မြို့ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးအောင်ကျော်သူတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်သည်။ ဒုတိယညွှန်ကြားရေးမှူးဒေါ်ထွေးညိုညိုနှင့် ဆိုးလ်မြို့ မြန်မာ သံရုံးမှဒုတိယအတွင်းဝန် ဦးအောင်ကျော်သူတို့သည် မတ်၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသည့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် စွမ်းရည်မြှင့်တင်ခြင်း ပေါ်လစီပုံစံနှင့် အကောင်အထည်ဖော်ခြင်း အစည်းအဝေးသို့ တက်ရောက် လျက်ရှိကြသည်။ **(သတင်းစဉ်)**

မတ် ၂၁ ရက်က မြောက်ဥက္ကလာပ အထက(၁)တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ ကျင်းပရာ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက မခင်သီရိကျော်အား အထက်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (၃၂၂)

တောတိုက်ဓမ္မရိပ်သာ သင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

မင်္ဂလာဒုံမြို့နယ် တောတိုက် ရပ်ကွက် တောတိုက်ဓမ္မရိပ်သာ၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒ စရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာရ ဆရာတော်ကြီးက မဟာ သင်္ကြန် ဒုလ္လဘအထူး တရားစခန်းပွဲ ကို တန်ခူးလပြည့်ကျော် ၄ရက် (ဧပြီ ၈ရက်)တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင် ဝတ်လိုသူများနှင့် တရားအားထုတ် လိုသောယောဂီများ ဧပြီ၇ရက် မွန်းလွဲ ၂နာရီ အရောက်လာကြရန် နှိုးဆော် ထားကြောင်း သိရသည်။ **(က-ပ)**

သဲအင်းဂူအဓိဋ္ဌာန်ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် မျက်တိုကျေးရွာ(လေယာဉ်ပျံကွင်းရှေ့) သဲအင်းဂူတရားပြဌာနၶ ဩဝါဒါနုသာသနကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တသီဟအရှင်သူမြတ်ဦးစီး၍ ဧပြီ၂ရက်မှ ၁၉ရက်အထိ အဓိဋ္ဌာန်တရားချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ အဓိဋ္ဌာန်ဝင်လိုသော ယောဂီများသည် ကြိုတင်စာရင်းပေးကြရန်နှင့် အရဏ်၊ နေ့ဆွမ်းအချိုရည်များကိုလည်း ဖုန်း-၀၄၂-၂၂၁၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေးနှင့်အထပ်မြင့်အဆောက်အအုံလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၂၈

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ အေရှားဝေါလ် ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က အလျား ၈၃၂ ပေ၊ အနံပေ ၃၀၀ ရှိမည့် တိုးချဲ့ပင်မလေဆိပ် အဆောက်အအုံ၏ ဗိသုကာပုံစံ၊ အဆောက်အအုံ၏ ပိုင်လုပ်ငန်းပြီးစီးမှု အခြေအနေ၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး အပါအဝင် မြို့ပြလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတကာ လေဆိပ်များ အဆင့်အတိုင်း လိုအပ်သော စက်ကိရိယာများ မှာယူတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ အလျားပေ ၆၀၀၊ အနံပေ ၆၀၀ ရှိမည့် လေယာဉ်ရပ်နားရန်နေရာ တည်ဆောက်ရေးလုပ်ငန်း အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။



မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၌ ကျောက်တန်းမြို့နယ်အသင်း ဓမ္မာရုံတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လေဆိပ်တိုးချဲ့ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် နိုင်ငံတကာ အဆင့်မီလေဆိပ်အင်္ဂါရပ်များနှင့်အညီဝန်ဆောင်မှုများပေးနိုင်ရန် မှာယူတပ်ဆင်မည့် စက်ပစ္စည်းများ ကဏ္ဍအလိုက်အချိန်နှင့်တစ်ပြေးညီတပ်ဆင်ပြီးစီးရေးဆက်စပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသော လေယာဉ်ရပ်နားရန်နေရာ တည်ဆောက်မှု လုပ်ငန်း၊ လေဆိပ် ပင်မတိုးချဲ့အဆောက်အအုံအုတ်မြစ်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် ဦးဝိစာရလမ်းကြားရှိ Pyay Garden Condominium တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဇေကမ္ဘာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ၂၅ထပ် Condominium အဆောက်အအုံ၏ Pile လုပ်ငန်း၊ Pile Cap လုပ်ငန်းနှင့် ပထမထပ် ကွန်ကရစ်လောင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းသည်။

ယင်းနောက်လုပ်ငန်းခွင်ရှင်းလင်းခန်းမ၌ ဇေကမ္ဘာ ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ၂၅ထပ် Condominium ဗိသုကာပုံစံ တည်ဆောက်ရေးလုပ်ငန်းနှင့် အခန်းဖွဲ့စည်းမှုတို့ကို ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ အဆောက်အအုံခိုင်ခံ့မှု၊ ရာသီဥတုဒဏ်နှင့် ငလျင်ဒဏ်ခံနိုင်မှုတို့အတွက် အထပ်မြင့်အဆောက်အအုံများ အရည်အသွေးထိန်းသိမ်းရေးပညာရှင်အဖွဲ့၏ ကြီးကြပ်အကြံပေးမှုကို ရယူဆောင်ရွက်နေမှု၊ အခန်းတိုင်းတွင် အိပ်ခန်း၊ ထမင်းစားခန်း၊ ထမင်းချက်ခန်း၊ မီးဘေးကာကွယ်ရေးစနစ်၊ လေအေးပေးစနစ်၊ အမှိုက်ပစ်စနစ်၊ ဓာတ်လှေကားနှင့် လုံခြုံရေးစနစ်များ၊ ယာဉ်ရပ်နားရန်နေရာများ၊ နေထိုင်သူများ အပန်းဖြေနိုင်စေရန် ဆက်စပ်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ Pyay Tower တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ ကမာရွတ်မြို့နယ် ပြည်လမ်းနှင့် ဦးဝိစာရလမ်းရှိ Pyay Garden Condominium တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် Pyay Garden Condominium Project Manager စင်ကာပူနိုင်ငံမှ ပညာရှင် Mr.Barry Meese က အထပ်မြင့်အဆောက်အအုံများတည်ဆောက်ခြင်း အတွေ့အကြုံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းနှင့်အညီ

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဆောက်အအုံကြီးကို သေသပ်လှပရေး၊ အင်ဂျင်နီယာလုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ခိုင်ခံ့ရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ ဝင်များသည် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ Pyay Tower တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ National Development Company Group အုပ်ချုပ်မှုဒါရိုက်တာဦးတင့်ဆန်းက ၁၈ ထပ်မြင့် အဆောက်အအုံနှစ်လုံး တည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်လမ်းဘက်ရှိ အင်းလျားကန်ပေါင် သန့်ရှင်းသာယာလှပရေး၊ အလှပင်များ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက လိုက်လံပြသ ရှင်းလင်းသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်၌ ကျောက်တန်းမြို့နယ်အသင်း ဓမ္မာရုံတည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဘဂ္ဂဒက်၌ ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွား အီရတ်အရပ်သားခြောက်ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၂၇

ဘဂ္ဂဒက်မြို့တွင် မတ် ၂၆ ရက် ညနေပိုင်း၌ ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ ကလေးငယ်တစ်ဦးအပါအဝင် အီရတ်အရပ်သား ခြောက်ဦးထက်မနည်း ဒဏ်ရာရခဲ့သည်ဟု ဆေးရုံအရာရှိများက ပြောကြားသည်။

ယင်းသို့ ပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် ယောကျ်ားသုံးဦး၊ မိန်းမတစ်ဦး၊ ဆယ်ကျော်သက်ရွယ်ယောကျ်ားလေး တစ်ဦးနှင့် ကလေးတစ်ဦးတို့ကို အရေးပေါ်ကုသဆောင်သို့ ပို့ထားရကြောင်း ဘဂ္ဂဒက်ရှိ ယာမော့ခ်ဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။ နှစ်ဦးမှာ ဒဏ်ရာအခြေအနေဆိုးသဖြင့် အခြားဆေးရုံသို့ ပို့လိုက်ရသည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့၏ နေရာ သုံးလေးနေရာတွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် ပေါက်ကွဲသည်ကို အတိအကျမသိရကြောင်း၊ စိန်ပြောင်း သို့မဟုတ် ဒုံးကျည်ဖြစ်နိုင်စရာရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သူငယ်ချင်းများနှင့်အတူ ရပ်နေစဉ် ပြင်းထန်သော ပေါက်ကွဲသံတစ်ခု ကြားခဲ့ရကြောင်း ယာမော့ခ်ဆေးရုံ၌ ဆေးကုသမှုခံနေသူ ၁၆ နှစ်အရွယ် မိုဟာမက်ဆာဟစ်က ပြောကြားသည်။ မည်သည့်အရာမှန်းမသိသော တစ်စုံတစ်ခုသည် ကောင်းကင်မှနေ၍ မိမိတို့အပေါ် ကျလာခဲ့ကြောင်း၊ ဒုံးကျည်ဖြစ်ဖို့ရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

တီကရစ်မြို့အနီး၌ကန်တပ်များဝင်ရောက်စီးနင်း သံသယရှိသူ လူ ၂၁ ဦးကို ဖမ်းဆီး

ဘဂ္ဂဒက် မတ် ၂၇

တီကရစ်မြို့အနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များ မတ် ၂၆ ရက်က ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် အီရတ်ပြည်သူ့စစ်လေးဦးနှင့် သံသယရှိသူ လက်နက်ကိုင်သုံးဦး သေဆုံးသွားသည်။

သောကြာနေ့ နံနက် ၄ နာရီခန့်၌ ဖြစ်ပွားသော ယင်းစီးနင်းတိုက်ခိုက်မှုတွင် အီရတ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် စီးနင်းမှုအတွင်း သံသယရှိသူများဟုဆိုသူ ၂၁ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အမေရိကန်တပ်များနှင့် အီရတ်လုံခြုံရေးတပ်များသည် ဘဂ္ဂဒက်မြောက်ဘက် တီကရစ်မြို့ရှိ ၎င်းတို့၏ အခြေစိုက်စခန်းမှနေ၍ နေအိမ်များနှင့် ကျေးရွာများကို ပုံမှန်ဝင်ရောက်စီးနင်းတိုက်ခိုက်လေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ

မတ် ၂၇ ရက်က ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာအနီး စစ်ဆေးမှုများပြုလုပ် နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များ ကျည်ကာအင်္ကျီမလုံလောက် တပ်ဖွဲ့ဝင်များ ကိုယ်ပိုင်ကျည်ကာအင်္ကျီများ ဝယ်ဝတ်နေကြရဆဲ

ဝါရှင်တန် မတ် ၂၈

အီရတ်နိုင်ငံသို့ သွားရောက်ကြမည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ကျည်ကာအင်္ကျီများကို ကိုယ်ပိုင်ဝယ်ယူအသုံးပြုနေကြရပြီး ၎င်းတို့၏မိသားစုများက ၎င်းတို့အတွက် ကျည်ကာအင်္ကျီများ ဝယ်ပေးနေရသည့်အမှုကိစ္စ အများအပြားရှိနေခဲ့သည်။

ထိုသို့ဆိုသော်လည်း အမေရိကန်စစ်ဘက်ဆိုင်ရာကမူ အန္တရာယ်ရှိရာသို့ တပ်ဖွဲ့ဝင်များမသွားရောက်မီ ယင်းကျည်ကာအင်္ကျီများကို ရစေမည်ဟု အာမခံချက် ပေးထားခဲ့သည်။

ကျည်ကာအင်္ကျီများကို ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုများထံမှ မေးမြန်းခြင်းကို ကျည်ကာအင်္ကျီဖြန့်ဖြူးပေးသူများ မှန်မှန်ခံနေကြရသည်။

အမေရိကန်စစ်ဘက်ဆိုင်ရာက ကျည်ကာအင်္ကျီဖြန့်ဖြူးသူ တတိယအဖွဲ့အစည်းကို အားမထားရန် တပ်ဖွဲ့ဝင်များကို ပြောကြားခဲ့သော်လည်း တပ်ဖွဲ့ဝင်အများအပြားက အီရတ်၌ ၎င်းတို့ကို ဖြန့်ချထားခြင်းမပြုမီ ကျည်ကာအင်္ကျီများကို အလိုရှိခဲ့ကြသည်။ လွန်ခဲ့သည့်အောက်တိုဘာလ၌ အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ လေးပုံတစ်ပုံ၌ ကျည်ကာအင်္ကျီများမရှိကြောင်း သတင်းဖော်ပြခဲ့သည်။

(အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အီရတ်၌ဖြစ်ပွားနေသော မတည်ငြိမ်မှုများ နိုင်ငံထူထောင်ရေး အဟန့်အတားဖြစ်

ဘရပ်ဆဲလ် မတ် ၂၇

ဘရပ်ဆဲလ်၌ကျင်းပသော ဥရောပသမဂ္ဂ ထိပ်သီးဆွေးနွေးပွဲ ပြီးဆုံးသွားပြီဖြစ်ရာ အီရတ်နိုင်ငံရေး အရေးကိစ္စတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ပိုမိုတိုးချဲ့ ဆောင်ရွက်သွားရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချမှတ်ရန် ဥရောပခေါင်းဆောင်များက တိုက်တွန်းပြောကြားသည်။

အီရတ်နိုင်ငံ ပြန်လည် ထူထောင်ရေးတွင် အောင်မြင်မှုရရှိနိုင်ရန်အတွက် နိုင်ငံရေးအသွင်ကူးပြောင်းရေးကာလ၌ ကုလသမဂ္ဂ၏ အခန်းကဏ္ဍကို ပိုမိုထိရောက်စွာ တိုးမြှင့်ဆောင်ရွက်သွားရန် ဥရောပ သမဂ္ဂခေါင်းဆောင်များက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေသော မတည်ငြိမ်မှုများသည် နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အဟန့်အတားဖြစ်စေကြောင်း ပြောဆိုကြသည်။

(စီအင်န်အင်န်)

ကယ်ကွတ်မြို့အနီးရှိ ရေနံတွင်းပေါက်ကွဲမီးလောင် ဖော်လူဂျာ၌တိုက်ပွဲဖြစ်ပွားရာ အီရတ်လေးဦးသေဆုံး

ဘဂ္ဂဒက် မတ် ၂၈

အီရတ်မြောက်ပိုင်းရှိ ရေနံတွင်းတစ်တွင်းကို ခုခံတိုက်ခိုက်ရေးသမားများက ဗုံးဖောက်ခွဲခဲ့သဖြင့် ငြိမ်းသတ်နိုင်ခြင်းမရှိမီ ၂၄ နာရီကြာမျှ မီးလောင်ကျွမ်းခဲ့ကြောင်း အီရတ်လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်ရေးသေနတ်သမားများနှင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ တစ်နာရီကြာမျှ သောကြာနေ့က တိုက်ပွဲဖြစ်ပွားခဲ့ရာ အီရတ်လေးဦးသေပြီး ခြောက်ဦး ဒဏ်ရာရခဲ့သည်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ မြို့တွင်းသို့ ဝင်ရောက်လာချိန်တွင် လက်နက်ကြီးပစ်ခတ်သံများနှင့် ပေါက်ကွဲသံများကို ကြားခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

မတ် ၂၆ ရက်က ဖော်လူဂျာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အမေရိကန်စစ်ယာဉ်တစ်စီး၏ အစိတ်အပိုင်းကို အီရတ်တစ်ဦးက ကိုင်တွယ်ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လွှဲပြောင်းယူ

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များသည် ယခုသီတင်းပတ်တွင်း၌ အမှတ် (၈၂) လေကြောင်းချီတပ်မထံမှ အဆိုပါ ဖော်လူဂျာဒေသ လုံခြုံရေးတာဝန်များကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။

ကယ်ကွတ်မြို့အနောက်ဘက်ရှိ ခါဘက်ဇ်ဒေသမှ နော့သင်းရေနံကုမ္ပဏီ၏ ရေနံတွင်းတစ်တွင်းသည် ဗုဒ္ဓဟူးနေ့ညပိုင်းက ပေါက်ကွဲမီးလောင်ခဲ့ကြောင်း ကယ်ကွတ်ရှိ အီရတ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ အကြီးအကဲ ဗိုလ်ချုပ်မိုဟာမက်အာမင်က ပြောကြားသည်။

ပိတ်ထား

ယင်းလုပ်ရပ်သည် အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရေနံတွင်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခြင်းသည် ကယ်ကွတ်၌ ပထမဆုံးဖြစ်ကြောင်း အာမင်က ပြောဆိုသည်။ ပေါက်ကွဲမှုဖြစ်ချိန်၌ အဆိုပါ ရေနံတွင်းကို ပိတ်ထားကြောင်း၊ အစောင့်ထူထပ်စွာ ချမထားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

၂၀၀၆ ခုနှစ်တွင် လကိုပတ်မည့်ဂြိုဟ်တု တရုတ်လွှတ်တင်မည်

ပေကျင်း မတ် ၂၇

တရုတ်နိုင်ငံသည် စီချွမ်ပြည်နယ် စီချန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် လကိုလှည့်ပတ်ရန်အတွက် ဂြိုဟ်တုတစ်လုံးကို လွှတ်တင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ထိပ်တန်း အာကာသအရာရှိတစ်ဦးက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ယခုအစီအစဉ်သည် လွန်ခဲ့သည့်နှစ် နှောင်းပိုင်းက ကြေညာခဲ့သည်ထက် တစ်နှစ်စောကြောင်း တရုတ်အမျိုးသား အာကာသအုပ်ချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

တရုတ်အမျိုးသားအာကာသ အုပ်ချုပ်ရေးဌာနသည် ၂၀၀၇ ခုနှစ်တွင် ဂြိုဟ်တုလွှတ်တင်မည်ဖြစ်ကြောင်း လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလ၌ ကြေညာထားခဲ့သည်။ ယင်းဂြိုဟ်တုသည် ၂၃၅၀ ကီလိုအလေးချိန်ရှိပြီး သယ်ဆောင်နိုင်သော ဝန်အလေးချိန်မှာ ၁၃၀ ကီလိုဖြစ်သည်။ လကို တစ်နှစ်ကြာလှည့်ပတ်မည်ဖြစ်သည်။

(အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများမှာကြားပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✻ မိမိတို့မှ

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် ဒုတိယတရားသူကြီးချုပ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုဖူလုံရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသဖွံ့ဖြိုးရေးအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့နယ်စပ်ဒေသများနှင့် အစွန်အဖျားဒေသများတွင် တာဝန်ထမ်းဆောင်ကြရမည့် အရာရှိများကို မိမိတို့လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် မှန်ကန်သောရပ်တည်ချက်သဘောထားဖြင့် မှန်မှန်ကန်ကန် ဦးဆောင်ဦးရွက်ပြုဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတော်က ထားရှိသော ရည်မှန်းချက်များကို သိရှိနားလည်သဘောပေါက်ပြီး လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာအောင် ဆောင်ရွက်နိုင်စေရန် မှာကြားဖွယ်ရာများကို တွေ့ဆုံမှာကြားရခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်

တစ်ချိန်သောကာလက နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့ရသည့် နယ်စပ်အစွန်အဖျားဒေသများသည် မိမိတို့တပ်မတော်အစိုးရခေတ်ကာလတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းပြီး နယ်မြေဒေသများ အေးချမ်းတည်ငြိမ်လာသည်နှင့် တစ်ပြိုင်နက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းကြောင့် တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာခဲ့သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

ဤသို့ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်၏အခြားသော အစိတ်အပိုင်းများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်လာသည့် အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော်အကြီးအကဲက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ယှဉ်တွဲပြီး စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ပြည့်ပြည့်ဝဝ ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန် လမ်းညွှန်ချက်များပေးခဲ့သည်နှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးနိုင်စေရန်လိုအပ်သည့် အစီအမံများ စနစ်တကျစီမံချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်ကြမည့် အရာရှိများကို လုပ်ငန်းတာဝန်များ ထိထိရောက်ရောက် ကျေကျေပွန်ပွန် နိုင်နိုင်နင်းနင်း ထမ်းဆောင်နိုင်စေရန်လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ၊ စည်းရုံးရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာများကို အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ရာ ယခုသင်တန်းဆိုလျှင် အမှတ်စဉ်(၃)အထိရှိခဲ့ပြီဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်ထာဝရ တိုးတက်ဖြစ်ထွန်းနေစေရန်နှင့် တိုင်းရင်းသားလူမျိုးများအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်းရှိပြီး အမျိုးသားရေးခံယူချက်တူညီစွာ ဖြစ်ထွန်းနေစေရန် အထူးလိုအပ်လှကြောင်း။

စိတ်ဓာတ်ပိုင်းဖွံ့ဖြိုးစေရန်

ကိုလိုနီခေတ်၏ သွေးခွဲအုပ်ချုပ်မှုဆိုးမွေကြောင့် နိုင်ငံတော် လွတ်လပ်ရေးရခဲ့ပြီးနောက်တွင် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုများအချင်းချင်း သံသယပွားအချင်းများခဲ့ခြင်းကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားလူမျိုး အသီးသီးသည် လူမှုဆက်ဆံရေးပုံစံ အမျိုးမျိုး၊ သဘောထားခံယူချက်အမျိုးမျိုးဖြစ်လာခဲ့ကြသည်ကို တွေ့နေရကြောင်း။

ဤသို့ ပုံစံအမျိုးမျိုး၊ ခံယူချက် အမျိုးမျိုးဖြစ်နေသည့် တိုင်းရင်းသားများအတွင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ပြီး နယ်စပ်ဒေသများတစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း လူမှုဆက်ဆံရေးပုံစံများ၊ သဘောထားအမြင်များတူညီမှုဖြစ်လာစေရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများဖြစ်ထွန်းလာစေရန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယင်းသို့ အခြေအနေတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို နယ်စပ်ဒေသများအပြင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျပြီး ကွက်လပ်သဖွယ်ကျန်ရှိနေသည့် နိုင်ငံတော်အတွင်းပိုင်း အချက်အချာကျသော နေရာဒေသများတွင်လည်း တိုင်းရင်းသား ပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အခြေခံကောင်းများ ဖြစ်ထွန်းလာအောင်၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများလည်းဖြစ်ထွန်းလာစေရအောင် ဆောင်ရွက်ပေးနိုင်ရန်စီစဉ်ခဲ့ရကြောင်း၊ ထို့ပြင် အချို့နေရာဒေသများတွင် ဝိသမစီးပွားရေးသမားများ၏ စီးပွားရေးအမြတ်ထုတ်မှု၊ တရားမဝင်စီးပွားရှာမှု၊ တရားမဝင်စီးပွားကုန်သွယ်မှုများနှင့် နိုင်ငံတော်၏ သဘာဝသယံဇာတများ ခိုးထုတ်မှုများကို တားဆီးနိုင်ရေးအတွက် ယခုအရာရှိများတွင် တာဝန်ရှိကြကြောင်း။

တန်ဖိုးရှိရှိအသုံးချ

အရာရှိများအနေနှင့် မိမိတာဝန်ထမ်းဆောင်သည့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့သဘာဝသယံဇာတများကို တန်ဖိုးရှိရှိစနစ်တကျ အသုံးပြုနိုင်ရေးတို့အတွက် မိမိတို့တွင်တာဝန်ရှိသည်ဟုခံယူပြီး လိုအပ်သည့်ကာကွယ်မှု၊ လိုအပ်သည့် ထိန်းသိမ်းမှုများဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ဂုဏ်သိက္ခာတိုးတက်မြင့်မားရေးနှင့် ဒေသခံပြည်သူများအကြား မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအစိုးရအပေါ် ချစ်ခင်မြတ်နိုးမှု၊ ယုံကြည်ကိုးစားမှု စိတ်ထားများတိုးပွားဖြစ်ထွန်းစေရေးနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုမျက်နှာစာအစုံတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရအောင် တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း အထူးလိုအပ်မည်ဖြစ်ကြောင်း။

တီထွင်ကြံဆ

ယင်းရည်မှန်းချက်ပြည့်မြောက်စေရေးအတွက်လည်း လူမှုရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍ၊ စိတ်ဓာတ်ရေးရာ ကဏ္ဍစသည့် အမျိုးသားရေးကဏ္ဍသုံးရပ်ကို မိမိတို့ဒေသအတွင်းတွင် အခိုင်အမာတည်ဆောက်သွားကြရန်မှာကြားလိုကြောင်း။

မိမိတို့အပေါ် နိုင်ငံတော်ကပေးအပ်လိုက်သည့် ရည်မှန်းချက်တာဝန်များနှင့်အညီ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်၊ မိမိတို့ဒေသကို ဖြစ်သင့်ဖြစ်ထိုက်သည့် အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံစွာ တိုးတက်ဖြစ်ထွန်းလာအောင်၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရအောင် စေတနာနှင့်ဝီရိယအားပေါင်းစပ်ပြီး တီထွင်ကြံဆ ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

ဝန်ထမ်းကောင်းတို့၏ ကျင့်ဝတ်သိက္ခာနှင့်အညီ ပြုမူနေထိုင်ကြရန်၊ အကျင့်စာရိတ္တမြင့်မားခိုင်ကျည်ရန်၊ စည်းရုံးရေးမှူးကောင်းတစ်ယောက်၏ အရည်အသွေးများနှင့်အညီ ဘက်စုံထောင့်စုံတွင် စံနမူနာပြဖြစ်စေရန် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုလုပ်ငန်းကဏ္ဍအလိုက် ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် စည်းစည်းလုံးလုံး တစ်စိတ်တည်းတစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်သွားကြပါဟုလည်း မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်က အားထားရသည့် အမျိုးသားရေးစွမ်းအားစုများဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းစသည့် စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ၊ မိမိတို့ဒေသအတွင်း ခိုင်ခိုင်မာမာ ဖွဲ့စည်းဖြစ်ထွန်းလာစေရန်နှင့် ယင်းလူမှုရေးအသင်းအဖွဲ့များ၏ စွမ်းပကားကို မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးရှိရှိထိုက်ထိုက်တန်တန် ပေါင်းစပ်အသုံးပြုနိုင်စေရန် စည်းရုံးဦးဆောင်သွားကြပါဟု ထပ်လောင်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **နိုင်ငံတော်က မျှော်မှန်းထားသည့် မွန်မြတ်မြင့်မားသော ရည်မှန်းချက်များနှင့်အညီ မိမိတို့တာဝန်ကျရာ ဒေသအသီးသီး၏ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ခိုင်ခိုင်ခံ့ခံ့တိုးတက်ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ဒေသခံတိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများ မြတ်နိုးထိန်းသိမ်းသောစိတ်ဓာတ်စသည့် စိတ်ပိုင်းဆိုင်ရာ အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းခိုင်မာလာစေရအောင် စည်းရုံးဦးဆောင်သွားကြပါ၊**
- **လူမှုရေးကဏ္ဍ၊ ဖွံ့ဖြိုးရေးကဏ္ဍ၊ စိတ်ဓာတ်ရေးရာကဏ္ဍများ တိုးတက်ဖြစ်ထွန်းအောင် အခိုင်အမာတည်ဆောက်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အချုပ်အခြာအာဏာနှင့် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်သွားကြပါ**

ဟု တိုက်တွန်းမှာကြားကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့ များအား လှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၂၈

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးစံကြည်၊ ဦးခင်မောင်၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်ထွန်း၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေး အဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ၏ အဓိကအချက်အချာကျသော နေရာများ၌တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ယာဉ်လိုင်စင် (ဗီးတက်) နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်းရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၃–၂၀၀၄ခု နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉နာရီက စက်မှု(၁)လမ်းရှိ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဦးတင်ဆွေမြင့် (သပြေဆွေမြင့်)က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြပြီး သဘာပတိ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ(တင်အောင်ရွှေ–သုတေသီ)က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တွဲဖက် အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)က အမှာစကား ပြောကြားပြီးမြို့နယ်အလုပ်အမှုဆောင် အစီရင်ခံစာကို အတွင်းရေးမှူး ဦးလှတိုး (တိုးတက်)ကလည်းကောင်း၊ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမင်းရွှေ (မင်းရွှေမင်း–တောင်ကုတ်) ကလည်းကောင်း ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဂုဏ်ထူးဆောင် နာယက ဦးသိန်းမောင်(သုခ)၊ နာယကများအဖြစ်ဦးကျော်ဝင်း(အမျိုးသားစာပေဆုရညိုဝင်း)၊ ဗိုလ်မှူးကြီးစောမြင့် (ငြိမ်း) (မှူးသမိန်)၊ ဦးအောင်ရွှေဦး (အောင်နာဂ)၊ ဦးခင်မောင်အေး (တိမ်မိုးလှိုင်)နှင့် လစ်လပ်သော အမှုဆောင် သုံးနေရာအတွက် ဦးလှမင်း (မင်းဓာတု)၊ ဦးစိန်ရွှေ (စိန်ရွှေလှိုင်) နှင့် ဒေါ်တင်တင်ဟန် (မြနှင်းဆီ)တို့အား အများသဘောတူ ရွေးချယ်တင်မြှောက်ကြသည်။

(က–ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက်ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ယာကြီး–ကလေးဝ လမ်းသစ်ပေါ်ရှိ မြို့မတံတားနှင့်တိန်းတံတားဖွင့်ပွဲ အခမ်းအနားတွင် မြို့မတံတား မော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး စစ်ကိုင်းတိုင်းရှိမြို့မတံတားနှင့်တိန်းတံတားဖွင့်ပွဲအခမ်းအနားများသို့တက်ရောက်ချီးမြှင့်

ရန်ကုန် မတ် ၂၈

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ယာကြီး–ကလေးဝ လမ်းသစ်ပေါ်ရှိ မြို့မတံတားနှင့် တိန်းတံတားဖွင့်ပွဲ အခမ်းအနားများကို မတ်၂၄ရက် နံနက်ပိုင်းတွင် အဆိုပါတံတားများ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးတို့ တက်ရောက်ချီးမြှင့်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် က တံတားမော်ကွန်းကျောက်စာတိုင် ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားများ ဖွင့်ပွဲအခမ်း အနားသို့ စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ် အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ကလေး တပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး နှင့် အနောက်မြောက်တိုင်း စစ်ဌာန ချုပ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းမှ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ဆရာ ဆရာမများ ကျောင်းသားကျောင်းသူများနှင့်ဒေသ ခံပြည်သူများ စုစုပေါင်းအင်အား ၇၀၀၀ ကျော်တက်ရောက်ကြသည်။

အမှာစကား

အစီအစဉ်အရ မြို့မတံတားဖွင့် ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲ တွင်တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်စစ်ထောက် ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးက အမှာစကားပြော ကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး က အမှာစကားပြောကြားသည်။

တည်ဆောက်မှု

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက မြို့မတံတားနှင့် တိန်းတံတား တည်ဆောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံ ပြည်သူတစ်ဦး က မြို့မတံတားနှင့် တိန်းတံတား တို့ကို တည်ဆောက်ဖွင့်လှစ်နိုင်ခြင်း ကြောင့် လမ်းပန်းဆက်သွယ်မှု ပိုမို လုံခြုံချောမွေ့ကာ ဒေသဖွံ့ဖြိုးတိုးတက် မှုများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည့် အတွက် နိုင်ငံတော်အစိုးရအားဒေသခံ ပြည်သူများကိုယ်စား ကျေးဇူးတင် စကားပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေး ဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီး သွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ယာကြီး–ကလေးဝ လမ်းသစ်ပေါ်ရှိ မြို့မတံတားနှင့် တိန်းတံတားဖွင့်ပွဲအခမ်းအနားအပြီး တွင် မြို့မတံတားပေါ်သို့ ဖြတ်သန်း ကြည့်ရှုစဉ်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ကာကွယ်ရေးဝန်ကြီး ဌာန စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက် ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ယာကြီး–ကလေးဝ လမ်းသစ် ပေါ်ရှိ မြို့မတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက မြို့မတံတား၊ တိန်းတံတားနှင့် မုံရွာ–ယာကြီး– ကလေးဝ လမ်းသစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆောက်လုပ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းထံ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နှင့် အဖွဲ့ဝင်များသည် မြို့မတံတား ဖွင့်လှစ်မည့် မုခ်ဦးရှေ့သို့ သွားရောက် နေရာယူကြသည်။

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် ကာကွယ်ရေးဝန်ကြီး ဌာန စစ်ထောက်ချုပ် ရုံး၏ ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက် ပြီးစီးသွားသော စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် မုံရွာ–ယာကြီး–ကလေးဝလမ်းသစ် ပေါ်ရှိ တိန်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်

ယင်းနောက် မင်္ဂလာအချိန်တွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် ဆောက်လုပ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူး ချုပ် မြင့်သိန်းတို့က မြို့မတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြ သည်။ ***စာမျက်နှာ ၇ ကော်လံ ၁***

29-3 (06).p65 1 3/24/05, 7:38 PM

“အမျိုးသမီးသာ ရှေ့ဖြိုးမို့၊ ပိုင်းခန့်ဖြိုးစမ်း ဆောင်ရွက်မို့”

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်
ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ
စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈၊ ၂၉-၃-၂၀၀၄

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပထမအကြိမ်ရှင်၁၀၈ပါး စုပေါင်းရဟန်းခံမည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း(မြောက်ပိုင်းခရိုင်) လှိုင်သာယာမြို့ အမှတ်(၁၁)ရပ်ကွက် ရတနာသီရိမြို့ဦးကျောင်း အမှတ်(၇) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ခန္တီစာရက ကြီးမှူး၍ ဒေသခံချို့တဲ့နွမ်းပါးသော ကလေးငယ်များအား ပထမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုပွဲကို ဧပြီ ၉ ရက်နှင့် ၁၀ရက်တွင် ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတကာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၂၈

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်စဉ်(၄၄၄)ကို ယနေ့စတင် ဖြန့်ချိလိုက်သည်။

“မီဒီယာခေတ် မကျန်ရစ်ဖို့”ဟူသော ဂျာနယ်ဦးတည်ချက်ဆောင်ပုဒ်ဖြင့် နိုင်ငံတကာသတင်းများနှင့်သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား

ထူးထူးခြားခြား ရေးသားဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် တစ်ကမ္ဘာလုံးတွင် ပေါ်ထွက်လာသည့် ငြိမ်းချမ်းရေး ကြွေးကြော်သံ၊ တန်ဇန်းနီးယားနိုင်ငံအကြောင်းသိကောင်းစရာ၊ ဟားမားစ် ခေါင်းဆောင်လုပ်ကြံခံရမှု ရှုတ်ချသည့် အဆိုအမေရိကန်ဗီတိုဖြင့် ပယ်ချ၊ ကိုယ်အင်္ဂါရှစ်မျိုး အစားထိုး၍ အသက်ဆက်ရသူလေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးရှေ့ခရီး၊ ဂျပန်စီးပွားရေးတံ့ဆိုင်းနေရာမှ ရှင်သန်လာပြီ၊ လေသင်တုန်းရောဂါကုသရေး ကြိုးပမ်းချက်များ၊ ဆဋ္ဌမ ဇီဝမျိုးသုဉ်းမှုဖြစ်စဉ်ကို လူသားတို့ ကြုံနေရပြီလော၊ အင်တာနက် Broadband ကို တပ်ဆင်ရန် အချိန်ကျပြီလော၊ နိုင်ငံတကာဟာသ၊ ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှု ဝေးနေသည့် အီရတ်ပြည်သူများ၊ ဆက်ဒမ်ကို ဖမ်းမိထားသော်လည်း အမေရိကန်အနေဖြင့် ခုခံတိုက်ခိုက်မှုနှင့် ရင်ဆိုင်နေရဆဲ၊ အယ်လ်ခိုင်ဒါ ခေါင်းဆောင်ဘယ်မှာလဲ၊ သီရိ လင်္ကာနိုင်ငံရေးစသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

(အပေါ်ပုံ)(မြန်မာ့အလင်း)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျင်းပရေးဦးစီးကော်မတီလုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်းပွဲ၌အမှာစကားပြောကြား

ရန်ကုန် မတ် ၂၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီလုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မြို့မကွင်း၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

ညှိနှိုင်းအစည်းအဝေးသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးညဏ်ထွန်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ် ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များ၊ စစ်ရေးပြမှူးကြီး၊ အရန်စစ်ရေးပြမှူးကြီး၊ စစ်ကြောင်းမှူးများ၊တပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ စစ်ကြောင်းကြီးများ ချီတက်စစ်ရေးပြမှုသည် ယခင်နှစ်များကထက် ပိုမိုကောင်းမွန်ပြီး ကော်မတီအသီးသီးကလည်း လုပ်ငန်းများ တာဝန်ကျေပွန်အောင် ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရကြောင်း၊အလားတူလာမည့်နှစ် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကိုလည်း ယခုထက် ပိုမိုအောင် မြင်အောင် ကျင်းပနိုင်ရေးအတွက် ကော်မတီ အသီးသီးက လုပ်ငန်းအလိုက် အားသာချက်၊ အားနည်း ချက်များကို ယခုအစည်းအဝေးတွင် သုံးသပ်တင်ပြကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လုပ်ငန်းဆောင်ရွက်မှုတင်ပြ

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီတွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်မှူးကြီး သန်းစိုးက (၅၉)နှစ်မြောက်တပ်မတော်နေ့အသုံးစရိတ်ငွေစာရင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို သုံးသပ်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ စစ်ရေးပြလုပ်ငန်းအဖွဲ့၊ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်းခင်းကျင်းပြသရေးကော်မတီ၊ စာပေအနုပညာပြိုင်ပွဲကျင်းပရေးကော်မတီ၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီအပါအဝင် ကော်မတီ၊ လုပ်ငန်းကော်မတီအသီးသီးမှတပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စစ်ရေးပြမှူးကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့်မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများကအထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းကတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုညနေ ၅ နာရီ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာမျက်နှာ (၆)မှ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မြို့မတံတားမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြပြီး မြို့မတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

မြို့မတံတား၏ခန်းဖွင့်မှာ ပေ၉၀ လေးခန်းနှင့် ပေ၆၀သုံးခန်း၊ တံတားအရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်းအကျယ်၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီ၊ တံတားအောက်ခြေကင်းလွတ်နယ်မြေမှာ အကျယ် ပေ ၉၀ နှင့် အမြင့်၁၀ပေ၊ တံတားအမျိုးအစားမှာ အပေါ်ထည်သံမဏိသံပေါင်ရက်မ၊ သံကူ ကွန်ကရစ်ခင်း၊ အောက်ထည်သံကူ ကွန်ကရစ်တိုင်၊ အုတ်မြစ်မှာ ကိုးပေအချင်းရှိ သံကူကွန်ကရစ်ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန်၆၀ဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ပေါ်ရှိ တိန်းတံတားဖွင့်ပွဲ အခမ်းအနား ကျင်းပမည့်နေရာသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြပြီး တိန်းတံတားထိပ်မှခ်ဦး၌နေရာယူကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်တင်ထွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က တိန်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်လိုက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တိန်းတံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြပြီး တိန်းတံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

တိန်းတံတား၏ခန်းဖွင့်မှာ ပေ၉၀ လေးခန်း၊ တံတားအရှည် ပေ ၃၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေစီ၊ တံတားအောက်ခြေကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၉၀၊ အမြင့် ၁၀ပေ၊ တံတားအမျိုးအစားမှာ အပေါ်ထည်သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ခင်း၊ အောက်ထည်သံကူကွန်ကရစ်တိုင်၊ အုတ်မြစ်မှာ ကိုးပေအချင်းရှိ သံကူကွန်ကရစ် ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်းသိရှိရသည်။**(သတင်းစဉ်)**

✡ **ရှေ့ဖုံးမှ**

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် ဇဟိုနာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ်၊တိုင်းအမျိုးသမီးရေးရာအဖွဲ့များမှကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေါ်ထွန်းလာသည့်မှတ်တိုင်တစ်ခု

စုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးထုကြီး၏ ထူးခြားကောင်းမြတ်သော သမိုင်းအစဉ်အလာ၊ မြင့်မားခဲ့ထည်သည့်ဂုဏ်ဒြပ်နှင့် ထူးချွန်ထက်မြတ်သည့် စွမ်းဆောင်ရည်တို့ကို

ယင်းနောက်တွင် မြန်မာအမျိုးသမီးများရရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိခံစားနိုင်စေရေး၊ အမျိုးသမီးအခွင့်အရေးများ ခေတ်ကာလနှင့်အညီ နယ်ပယ်ကဏ္ဍစုံတွင် ဆက်လက်တိုးပွားဖြစ်ထွန်းစေရေးတို့အတွက် ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်သွားနိုင်စေရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ၁၉၉၆ခုနှစ်တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်စေခဲ့ကြောင်း။

အကောင်အထည်ဖော်

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့်လည်း လုပ်ငန်းကော်မတီများ၊ ဘာသာရပ်ဆိုင်ရာအဖွဲ့များ ဖွဲ့စည်းပြီး အမျိုးသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကဏ္ဍအသီးသီးတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စနစ်တကျစီမံဖြန့်ကြက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခုကဲ့သို့ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသမီးများကဏ္ဍနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်း သိမ်မွေ့နက်နဲသော ပြဿနာများမဖြစ်သေးသော်လည်း နိုင်ငံတကာတွင် အထူးအာရုံစူးစိုက်ဆောင်ရွက်နေကြသည့် အမျိုးသမီးများ အကြမ်းဖက်ခံရမှု၊ လူကုန်ကူးခံရမှုပြဿနာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီး



မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး တိုင်းကျိုးပြည်ဆောင်အင်အားစုကြီးဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ပေးနေ အမျိုးသမီးရေးရာအဖွဲ့ကြီးသည် အလွှာစုံကဏ္ဍစုံတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လက်တွဲဆောင်ရွက်

ပိုမိုထက်မြက် ခိုင်မာစေရေးအောင် ပြုစုပျိုးထောင်ပေးရင်း စည်းလုံးညီညွတ်ခိုင်မာသော အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ဖြစ်ထွန်းလာစေရအောင် စည်းရုံးဦးဆောင်သွားမည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီး ယခုကဲ့သို့ ခိုင်ခိုင်ခံ့ခံ့ ထည်ထည်ဝါဝါ ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းတွင် ထူးထူးကဲကဲပေါ်ထွန်းလာသည့် မှတ်တိုင်တစ်ခုဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

နှစ်ပေါင်းထောင်ချီပြီး ရှည်လျားခိုင်မာသော မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူအခွင့်အရေးမျှမျှတတရရှိ ခံစားခဲ့ကြရသည်သာမက မိမိ မိသားစု၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်စွမ်းဆောင်ခွင့် ရရှိခဲ့ကြခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မြန်မာအမျိုးသမီးတိုင်းသည် အမျိုးသမီးဖြစ်ရခြင်းကြောင့် သိမ်ငယ်စိတ်ဖြစ်ရသည်ဟုမရှိဘဲ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု၊ စီမံခန့်ခွဲနိုင်မှု အရည်အသွေးများနှင့် ပြည့်ဝကြသည့်အလျောက် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာသည့်အခါတိုင်းတွင် အမျိုးသားများနှင့်မခြား ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည်ကို သမိုင်းတွင် အထင်အရှား တွေ့ကြရမည်ဖြစ်ကြောင်း။

မွန်မြတ်သောဂုဏ်ဒြပ်

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အခြားသော နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများကို နေရာပေးအလေးထားမှု၊ လေးစားကြင်နာစွာ ကူညီဖေးမ ရိုင်းပင်းစောင့်ရှောက်မှုတို့ ထူးထူးခြားခြား ဖြစ်ထွန်းနေသည့်အတွက် မြန်မာအမျိုးသမီးဖြစ်ရခြင်းသည်ပင်လျှင် ထူးခြားမွန်မြတ်သော ဂုဏ်ဒြပ်တစ်ရပ်ဖြစ်သည်ဟု ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတော်အစိုးရခေတ်ကာလတွင် မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့်စွမ်းဆောင်ရည်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏သမိုင်းကြောင်း အခြေအနေ၊ ယဉ်ကျေးမှုဓလေ့စရိုက် အခြေခံများနှင့် ဆီလျော်ညီညွတ်စွာဖြစ်ထွန်းနေသည့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုး တိုးတက်စေရအောင် စနစ်တကျအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် ဖြစ်ထွန်းတည်ရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ခံစားနိုင်စေရေး၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်ကာလနှင့်အညီ မြန်မာအမျိုးသမီး အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းစေရေးတို့အပြင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင်အင်အားစုကြီးအဖြစ် ပီပီပြင်ပြင်ဖြစ်ထွန်းလာစေရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့အပြင် မြန်မာအမျိုးသမီးများအနေဖြင့် အခြားသော နိုင်ငံများတွင်ကဲ့သို့ အမျိုးသမီးအခွင့်အရေးများရရှိရေးအတွက် အထွေအထူး တောင်းဆိုတိုက်ပွဲဝင်ရန်မလိုအပ်ဘဲ မွေးရာပါ အခွင့်အရေးများအဖြစ် ရရှိခံစားနေကြရသော်ငြားလည်း နိုင်ငံတကာအမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ဆက်စပ်ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် ဘီဂျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံကို ကိုယ်စားလှယ်များ စေလွှတ်တက်ရောက်စေခဲ့ခြင်းဖြစ်ကြောင်း။

ငယ်ရွယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးရေး စသည့်လုပ်ငန်းများကိုပါ ဆက်စပ်ကြိုးပမ်း အကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေးမြှင့်တင်ဆောင်ရွက်နေသည်သာမက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများဖြင့် နိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းလာအောင် ကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် မြန်မာအမျိုးသမီးများကဏ္ဍသည် အံ့မခန်းတိုးတက်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

ယခုဆိုလျှင် အမျိုးသားစီးပွားရေးကဏ္ဍတွင် ရှေ့တန်းက ပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍများတွင် ဦးစီးဦးဆောင်ပြုဆောင်ရွက်နေကြသည့် အမျိုးသမီးပညာရှင်များ၊ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍအထွေထွေတွင် ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများတွင် ဦးဆောင်ဦးရွက်ပြု ပါဝင်စွမ်းဆောင်နေကြသည့် စေတနာရှင်အမျိုးသမီးများ စဉ်ဆက်မပြတ်ပေါ်ထွန်းနေပြီး အမျိုးသမီးကဏ္ဍ တစ်ခေတ် ဆန်းသစ်ထွန်းတောက်နေပြီဖြစ်သည်ကို အထင်အရှား တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယခုကဲ့သို့ အခြေအနေအချိန်အခါကောင်းတွင် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံ လိုအပ်ချက်များတွင် နိုင်ငံတကာတိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများနှင့် လိုက်လျောညီထွေစွာ ပါဝင်ပံ့ပိုးဆောင်ရွက်နိုင်စေရန်အပြင် မြန်မာအမျိုးသမီးထုကြီး၏ အရေးအရာ ကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိထိရောက်ရောက် တိုးမြှင့်လှမ်းခြုံပေးနိုင်စေရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို ယခုကဲ့သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအဖြစ်ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး တစ်စိတ်တည်း တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ လှုပ်ရှားဆောင်ရွက်သွားနိုင်စေရအောင် ဦးဆောင်သွားမည့် အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သည်ဟု ခံယူထားကြရမည်ဖြစ်ကြောင်း။

ညှိနှိုင်းပေါင်းစပ်

ထို့ပြင် ယနေ့နိုင်ငံတကာက အာရုံစူးစိုက် တိုးချဲ့ဆောင်ရွက်နေသည့် အမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများတွင် နိုင်ငံတကာ အမျိုးသမီးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအပေါ် သဘောထားမှန်ကန်စွာဖြင့် စေတနာထားပြီး မျှမျှတတ ဆောင်ရွက်နေသည့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံအမျိုးသမီးထုကြီး တစ်ရပ်လုံးကို ကိုယ်စားပြုပြီး ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်မည့် အမျိုးသမီးများဆိုင်ရာ အဖွဲ့အစည်းကြီး တစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရအောင် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စည်းမျဉ်းစည်းကမ်းနှင့်ကိုက်ညီသည့်၊ ဥပဒေနှင့်ညီညွတ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်မာစွာဖြစ်ထွန်းလာစေရေးအတွက်လည်း အဖွဲ့ချုပ်၏ အခြေခံစည်းမျဉ်းများ ရည်ရွယ်ချက်များ၊ အခြေခံမူများ၊ ဖွဲ့စည်းပုံများကို အကြိမ်ကြိမ် အပြန်အလှန်ဆွေးနွေးသုံးသပ်ပြီး စနစ်တကျ ချမှတ်ထားပြီးလည်းဖြစ်ကြောင်း။

ရည်ရွယ်ချက်များအနေဖြင့်ကြည့်လျှင် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ကြီးကို–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကိုမြှင့်တင်ပေးရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊**
- **အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့်ဆောင်ရွက်နိုင်ရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်**

ဆိုသည့် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဤရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့် အခြေခံမူများဖြစ်သည့်–

- **ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေး သက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် "အမျိုးသားရေးဆိုင်ရာအခြေခံမူ"၊**
- **ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် "တိုင်းရင်းသားရေးဆိုင်ရာအခြေခံမူ"၊**
- **ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် "လူမှုရေးဆိုင်ရာအခြေခံမူ"၊**
- **အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် "အမျိုးသမီးရေးရာ အခြေခံမူ"**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးသို့ တက်ရောက်ချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများကို မြတ်နိုးလေးစားထိန်းသိမ်း မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားအောင်စည်းရုံး

တို့နှင့်အညီသာလျှင် မိမိတို့၏လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဖွဲ့စည်းထား

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံကိုကြည့်မည်ဆိုလျှင်လည်း ဗဟိုအဆင့်တွင် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ဗဟိုနာယကအဖွဲ့၊ ပြည်နယ်၊ တိုင်းများက ကိုယ်စားလှယ်များအပါအဝင်ဖြစ်သည့် ဗဟိုအမျိုးသမီးရေးရာအဖွဲ့၊ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယ ဥက္ကဋ္ဌလေးဦး၊ အထွေထွေအတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦးနှင့် အတွင်းရေးမှူးအဖွဲ့တို့ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့အပြင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်သည့် အထောက်အကူပြုအဖွဲ့တို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ဗဟိုအဆင့်အနေဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အောက်တွင် ရေးရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရာတွင်လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီလက်ထက်က လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့သာရှိခဲ့ရာက ယခုဆိုလျှင် ရေးရာကဏ္ဍ ၁၆ခုအထိတိုးချဲ့လာသည့်အတွက် လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့အထိ တိုးတက်ဖွဲ့စည်းပေးထားသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ပြည်နယ်၊ တိုင်းအလုပ်အမှုဆောင်အဖွဲ့၊ ခရိုင်အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့နှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့ကို ဆင့်ကဲဆင့်ကဲ ဖွဲ့စည်းထူထောင်ပေးထားပြီးဖြစ်သည့်အပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ပြည်နယ်နှင့်တိုင်းအလိုက် တာဝန်ခံများကို ထည့်သွင်းဖွဲ့စည်းပေးထားသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုမှာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ကော်မတီအဆင့်နှင့်မတူညီဘဲ တစ်နိုင်ငံလုံးဖြန့်ကြက်လွှမ်းခြုံပြီး အဖွဲ့ဝင်ဦးရေကန့်သတ်ချက်မရှိ မိမိစိတ်ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သည့် လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည့်အတွက် အမျိုးသမီးများ၏အရေးအရာကိစ္စများ သာမကအမျိုးသားရေး၊ လူမှုရေးလုပ်ငန်းများတွင်ပါ စိတ်ပါဝင်စားသည့် လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ထက်သန်မြင့်မားသည့် မြန်မာအမျိုးသမီးတိုင်းသည် အဖွဲ့ဝင်များအဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိခြင်းပင်ဖြစ်ကြောင်း။

စီမံဆောင်ရွက်

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးသည် မြန်မာအမျိုးသမီးများကိုယ်တိုင်ဦးဆောင်ပြီး မြန်မာအမျိုးသမီးများအရေး၊ နိုင်ငံတော်၏အရေးကိစ္စများကို တက်တက်ကြွကြွညီညီညွတ်ညွတ် ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူ ဆောင်ရွက်နိုင်စေရန် စနစ်တကျ တာဝန်အဆင့်ဆင့်ခွဲဝေပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကြီးဖြစ်သည့်အားလျော်စွာ ဤအဖွဲ့အစည်းကြီးတစ်ရပ်လုံးသည် မှန်ကန်မြန်ဆန်ထိရောက်သည့် စီမံခန့်ခွဲမှု၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုစနစ်များနှင့်တကွ သွက်လက်ထက်မြက်သော ယန္တရားတစ်ရပ်ကဲ့သို့ သွက်လက်ထက်မြက်စွာ လှုပ်ရှားနိုင်ရန် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သာဓကအနေဖြင့်ပြောရလျှင် ဗဟိုအဆင့်တွင်ရှိသည့် လုပ်ငန်းအဖွဲ့များသည် မိမိတို့လုပ်ငန်း ကဏ္ဍအလိုက် ရည်မှန်းချက်တာဝန်များအပြင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ချမှတ်ပေးလိုက်သည့် ရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းများ၊ စီမံကိန်းများ၊ စီမံချက်များကို လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန်တာဝန်ရှိသည့်အတွက် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များကိုယ်တိုင်က တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ ပီပြင်စနစ်ကျနစွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဖွဲ့များတွင် ထည့်သွင်းဖွဲ့စည်းပေးထားသည့် အကြံပေးပုဂ္ဂိုလ်များက အကြံဉာဏ်ပေးခြင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့အပါအဝင် ပညာရပ်ဆိုင်ရာကဏ္ဍကပါ ပါဝင်အထောက်အကူပြုကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လုပ်ငန်းအဖွဲ့များအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုအဆင့်က ချမှတ်ပေးသော လုပ်ငန်းတာဝန်များ၊ လုပ်ငန်းစီမံချက်များ၊ စီမံကိန်းများသည် အဖွဲ့ချုပ်ကြီး၏ မူဝါဒများ၊ ရပ်တည်ချက်များကို ထင်ဟပ်ဖော်ပြနေမည်ဖြစ်သည်ဆိုသည်ကို သိမြင်ပြီး ဤမူဝါဒအထိန်းအကွပ်ဘောင်အတွင်းကနေ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာသည်အထိ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဖွဲ့ဝင်များက တာဝန်ယူပြီး အားကြိုးမာန်တက် ကိုယ်ဖိရင်ဖိဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

အလားတူပင် ဗဟိုကချမှတ်ပေးသော လုပ်ငန်းတာဝန်များအပြင် မိမိတို့၏ လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများ၊ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ရှိလာခဲ့လျှင်လည်း ဗဟိုအဆင့်ကို ကြိုတင်တင်ပြခွင့်ပြုချက်တောင်းခံပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုရှင်းပြခဲ့သည့် သာဓကနှင့်အညီ ဗဟိုအဆင့်က ချမှတ်လိုက်သော မူဝါဒများ၊ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၏ မူဘောင်အတွင်းတွင် ဆင့်ကဲဆင့်ကဲ ကြီးကြပ်စီမံကွပ်ကဲမှုများသည် အခြေခံဒေသဖြစ်သည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်အထိ အဆင့်ဆင့်စီးဆင်း ရောက်ရှိသွားစေရအောင် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားကြရန်၊ အဆင့်အလိုက် သူ့အဆင့်နှင့်သူ လိုက်လျောညီထွေစွာ အထိန်းအကွပ်ဖြင့် တာဝန်ကျေပွန်အောင် တက်တက်ကြွကြွ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မူဝါဒချမှတ်ပေးမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ သတင်းပေးပို့တင်ပြမှု၊ ကြီးကြပ်ကွပ်ကဲမှု၊ ပြုပြင်ထိန်းကွပ်ပေးမှု၊ အမိန့်နာခံမှုတို့သည် အထက်အောက် အပြန်အလှန် စီးဆင်းနေရမည်ဖြစ်သကဲ့သို့ အဆင့်တူအချင်းချင်းတွင်လည်း ညှိနှိုင်းပေါင်းစပ်မှု၊ အကြံဉာဏ်နှင့် သတင်းအချက်အလက်ရယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ စဉ်ဆက်မပြတ် ဖြစ်ထွန်းနေစေရအောင် စီမံကွပ်ကဲဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ပေါင်းစပ်ဆောင်ရွက်

အထူးသဖြင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်စသည့် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့အချင်းချင်းသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ လုပ်ငန်းများ အပြိုင်အဆိုင် ယှဉ်ပြိုင်ဆောင်ရွက်ကြရန်မဟုတ်ဘဲ တူညီသောရည်မှန်းချက်များနှင့်အညီ အဖွဲ့ချုပ်ကြီး၏ ချမှတ်ပေးထားသော ရည်မှန်းချက်များကို မူဝါဒစည်းမျဉ်းစည်းကမ်းနှင့်အညီ အောင်မြင်ဖြစ်ထွန်းလာစေရအောင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဆိုသည်ကို ခံယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အခြေခံအဆင့်ထိ စိတ်ပါဝင်စားသူ အမျိုးသမီးတိုင်း ပါဝင်ဖွဲ့စည်းသွားမည်ဖြစ်သည့်အားလျော်စွာ အဖွဲ့ဝင်များသည်လည်း ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူလယ်သူမများ၊ အလုပ်သမများ၊ တိုင်းရင်းသူများ၊ သာမန်အရပ်သူများ၊ အခြားသော လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များစသည့် အလွှာစုံ၊ ကဏ္ဍစုံက အမျိုးသမီးများ ပါဝင်မည်ဖြစ်သည့်အတွက် တူညီသောရည်မှန်းချက်ကိုအခြေခံသည့် တူညီသောခံယူချက်ဖြစ်ထွန်းလာစေရအောင် အလွှာစုံတွင်၊ ကဏ္ဍစုံတွင် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးသည် မြန်မာနိုင်ငံအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်သွားရမည့် လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များ လွန်စွာကြီးမားကျယ်ပြန့်လှသည်ကို အဖွဲ့ချုပ်၏ တာဝန်ရှိသူတိုင်း၊ အဖွဲ့ဝင်တိုင်းက အလေးအနက်ခံယူထားကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

အဖွဲ့ချုပ်ကြီးအနေဖြင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အခွင့်အရေးများ၊ အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေး၊ စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး၊ အမျိုးသမီးများဘဝလုံခြုံရေး၊ မိသားစုဘဝသာယာရေးနှင့် အမျိုးသမီးများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် နည်းလမ်းများ တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီး၏ ပင်မတာဝန်သည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုကို ဖော်ဆောင်ပေးရမည့် စည်းရုံးရေးနှင့် ပညာဗဟုသုတဖြန့်ဝေရေးတာဝန်ဖြစ်သည်ဆိုသည်ကို တာဝန်ရှိသူများအားလုံးက နားလည်သဘောပေါက်ခံယူပြီး မြန်မာအမျိုးသမီးများ၊ အထူးသဖြင့်အမျိုးသမီးငယ်ရွယ်များ၏ စိတ်ပိုင်းဆိုင်ရာဘဝ တိုးတက်ဖြစ်ထွန်းမှုကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းနေစေရအောင်၊ အတွေးအခေါ်လွဲမှားမှု မရှိစေရအောင်၊ လမ်းမှားသို့မရောက်စေရအောင်၊ မသမာသူများ အဖျက်သမားများ၏ သွေးဆောင်ဖြားယောင်းမှုနောက်ကို နားယောင်မသွားစေရအောင် ပညာပေးစည်းရုံးဦးဆောင်သွားကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း။

ထိန်းသိမ်းပဲ့ပြင်

မြန်မာအမျိုးသမီးငယ်ရွယ်များအကြား မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများကို မြတ်နိုးလေးစားထိန်းသိမ်းမြှင့်တင်တတ်သည့် အလေ့အထနှင့် ခံယူချက်ဖြစ်ပေါ်လာအောင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အမြဲမပြတ်ရှင်သန်ထွန်းကားပြန့်ပွားနေစေရအောင် စည်းရုံးဦးဆောင် ပညာပေးထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဝတ်စားဆင်ယင်မှု၊ နိစ္စဓူဝကျင့်ကြံ နေထိုင်ပြောဆိုမှုများကအစ မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့်ဆန့်ကျင်ဖီလာဖြစ်နေသည့် တိုင်းတစ်ပါးဓလေ့စရိုက်ကိုအထင်ကြီးအတုယူမှုများမဖြစ်ပေါ်စေဘဲ မိမိတို့၏ နူးညံ့ယဉ်ကျေးသိမ်မွေ့သော၊ ဟိရိဩတ္တပ္ပတရားနှစ်ပါးကို အခြေခံသော ဝတ်စားဆင်ယင်ပြောဆိုနေထိုင်မှုများဖြစ်ထွန်းနေစေရအောင် အဖွဲ့ချုပ်ကြီးက ဦးဆောင်ပြီး ထိန်းသိမ်းပဲ့ပြင်ပေးကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အချိန်အခါမျိုးတွင် မြန်မာအမျိုးသမီးငယ်များအကြား အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုရက္ခိတတရားထွန်းကားပြန့်ပွားအောင်၊ မိမိနိုင်ငံ၊ မိမိလူမျိုးကိုအထင်ကြီးလေးစားပြီး မိမိနိုင်ငံအပေါ် အားကိုးတွယ်တာသည့် စိတ်ဓာတ်ဖြစ်ထွန်းနေစေရအောင် စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မြတ်နိုးထိန်းသိမ်းတတ်သည့် အလေ့အထ ရှင်သန်ပွားများစေရအောင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးက စည်းရုံးဦးဆောင်သွားနိုင်ရန် စီမံဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

မြန်မာအမျိုးသမီးငယ်ရွယ်များကို မြန်မာပီသအောင်၊ နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင်၊ ထူးချွန်ထက်မြက်သည့် အမျိုးသမီးခေါင်းဆောင်များဖြစ်လာအောင် မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်လည်း လိုအပ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် လိုက်လျောညီထွေစွာ ဆက်စပ်မိစေရေးအတွက်လည်း စနစ်တကျ စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးသည် အဆင့်အတန်းမရွေး၊ အလွှာမရွေး မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးကို လိုလားသူ အမျိုးသမီးတိုင်း၊ အမျိုးချစ်သူအမျိုးသမီးတိုင်း ပါဝင်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သကဲ့သို့ အဖွဲ့ချုပ်ကြီးအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းတာဝန်များသည်လည်း ဆင်းရဲချမ်းသာမရွေး၊ ပညာအရည်အချင်းမရွေး၊ လူမျိုးမရွေး မြန်မာအမျိုးသမီးတိုင်းအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းတာဝန်များဖြစ်သည်ကို ထင်ထင်ရှားရှား တွေ့ကြရမည်ဖြစ်ကြောင်း။

ခေါင်းဆောင်ကောင်းပီသ

ထို့ကြောင့် ယခုကဲ့သို့ ထုထည်ပမာဏ ကြီးမားထည်ဝါသော၊ မွန်မြတ်မြင့်မားသော၊ အမျိုးသားရေး အကျိုးစီးပွားသက်သက်ကိုသာ ရှေးရှုသော ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စစ်မှန်သော လူမှုရေး၊ အဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ အဖွဲ့ချုပ်၏ ဖွဲ့စည်းမှုအဆင့်ဆင့်တွင် တာဝန်ယူဦးဆောင်ကြမည့် အဆင့်ဆင့်သော အမျိုးသမီး ခေါင်းဆောင်များသည် စိတ်ဓာတ်ရေးရာအရသော်လည်းကောင်း၊ ကိုယ်ကျင့် သိက္ခာအရသော်လည်းကောင်း၊ စွမ်းဆောင်မှု အရည်အသွေးအရသော် လည်းကောင်း၊ စေတနာထားရှိမှု ဝီရိယစိုက်ထုတ်မှုအရသော်လည်းကောင်း အဘက်ဘက်တွင် နမူနာစံပြဖြစ်နေစေရန်၊ ခေါင်းဆောင်ကောင်းပီသစေရန် အထူးလိုအပ်သည်ဟု အလေးအနက်မှာကြားလိုကြောင်း။

အဖွဲ့ချုပ်ကြီး၏အဖွဲ့ဝင် အမျိုးသမီးတိုင်းကလည်း သာမန်အဖွဲ့ဝင်များဖြစ်စေကာမူ မိမိတို့ ခံယူထားသည့် ကတိသစ္စာ ကျင့်ဝတ်တို့ကို ခိုင်ခိုင်မြဲမြဲ လိုက်နာစောင့်ထိန်းပြီး အဖွဲ့ချုပ်ကြီး၏ စည်းမျဉ်းစည်းကမ်းနှင့်အညီလိုက်နာကျင့်ကြံနေထိုင်သွားရင်း အဖွဲ့ချုပ်ကြီး၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မိမိတို့ကျရာ တာဝန်များကို အားကြိုးမာန်တက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့အချိန်အခါတွင် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးကို မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ ပင်ကိုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားနိုင်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း၊ ထိုရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာ ရောက်ရှိနိုင်ရေးအတွက် အမျိုးသမီးထုကြီးက တက်ကြွစွာ ပါဝင်ကြိုးပမ်းကြရေးအတွက် ဆင့်ကဲဆင့်ကဲ တာဝန်ရှိသူအသီးသီးက စည်းရုံးဦးဆောင်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သော စွမ်းပကား၊ မြင့်မားခိုင်ကျည်သည့် အမျိုးသားရေးစိတ်ဓာတ်နှင့် ကောင်းမြတ်သော အစဉ်အလာကောင်းများကို စုစည်းခိုင်မာသည့် အမျိုးသားရေးစွမ်းအား တစ်ရပ်အဖြစ် ပေါင်းစည်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား အစွန့်ရှည်တည်တံ့ ခိုင်မြဲရေးတို့အတွက် စနစ်တကျစည်းရုံးဦးဆောင်သွားမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး၏ မျှော်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြပါဟု အဆင့်ဆင့်သော တာဝန်ယူဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များနှင့်တကွ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို တိုက်တွန်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

29-3 (09).p65 2 3/24/05, 7:38 PM

မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ခင်ပြည့်ချစ်

ကျွန်မတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းထောင်ချီ၍ထိန်းသိမ်းလာခဲ့သောကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ရှင်သန်လျက်ရှိသည့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

ခရစ်နှစ် ၄၀၀လောက်မှ နှစ်ပေါင်း ၂၀၀၀ နီးပါးကြာရှည်သည်အထိ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်မှ ယနေ့ခေတ်အထိ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို လက်ဆင့်ကမ်းနိုင်ခဲ့ကြသူများလည်း ဖြစ်သည်။ အဖိုးတန်အမွေနှစ်မျိုးဖြစ်သော ကိုယ်၏ယဉ်ကျေးမှု၊ စိတ်၏ ယဉ်ကျေးမှုတို့ကို ပိုင်ဆိုင်ကြသူများဖြစ်၍ အနေအထိုင်၊ အပြောအဆို ယဉ်ကျေးခြင်းနှင့် အဆောက်အအုံ ဗိသုကာ အနုပညာယဉ်ကျေးမှု ထွန်းကားတိုးတက်ခဲ့သည့် နိုင်ငံလည်းဖြစ်သည်။

ယဉ်ကျေးမှုဆိုသည်မှာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ၊ စာပေ၊ ဘာသာ စကား၊ ဘာသာရေး၊ ရှေးဟောင်းအမွေအနှစ်များ၊ အနုပညာတေးဂီတ၊ ဝတ်စားဆင်ယင်မှု စသဖြင့် ပါဝင်လေသည်။ မြန်မာ့ယဉ်ကျေးမှုသမိုင်းအစ ဖြစ်သည့် ပျူမြို့ပြနိုင်ငံ၊ ပုဂံမြို့ပြနိုင်ငံ ခေတ်များမှသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကာလ တစ်လျှောက်လုံးမှ ယနေ့ခေတ်တိုင်အောင် ထူးချွန်ပြောင်မြောက်သော အမျိုးသမီးစွမ်းဆောင်ရှင်များ သည် ခေတ်နှင့်လျော်ညီစွာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသော နယ်ပယ်

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာ့ရိုးရာမုန့်ရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

အသီးသီး၌ စာပေပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလျက်ရှိသည်။

မြန်မာနိုင်ငံ လူဦးရေ ၅၃သန်းကျော်တွင် ၇၀ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်သည့်အလျောက် ငယ်ရွယ်စဉ်ကပင် မိဘနှစ်ပါးမှစ၍ စာသင်ကျောင်း၊ ဘုန်းတော်ကြီး ကျောင်းများ၊ သင်တန်းများသည် ပညာပေးဌာနများအဖြစ် ရှိခဲ့ကြသည်။ မြန်မာအမျိုးသမီးများအနေဖြင့် ဘုရားဟော ကျမ်းဂန်၊ ပိဋကတ်သုံးပုံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ကျမ်းများမှလည်းကောင်း၊ လယ်တီဆရာတော်၊ မန်လည် ဆရာတော်၊ မော်ဘီဆရာသိန်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီးတို့ကဲ့သို့ ရဟန်းပညာရှိ၊ လူပညာရှိတို့၏ စာနှင့်နှုတ်ထွက် စကားများမှ လည်းကောင်း၊ ပဒေသရာဇ်ခေတ်မှ ယနေ့တိုင် အောင်ယဉ်ကျေးလိမ္မာသိမ်မွေ့မှုကိုအစဉ်အဆက်ပျိုးထောင် ပေးခဲ့ကြသူများဖြစ်ကြောင်း တွေ့ရှိရသည်။

ယနေ့ပေါ်ထွက်လျက်ရှိသောပြုပြင်ရေးစာပေများ၊ ရှေးခေတ်ဆုံးမစာ များတို့ကို အခြေခံလျက် လက်တွေ့ဘဝနှင့်ပေါင်းစပ်ပြီး မိမိတို့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ကျင့်ကြံထိန်းသိမ်းခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထု၏ အခန်းကဏ္ဍကို ယဉ်ကျေးမှုနှင့်အညီ ထိန်းသိမ်းမြှင့်တင်ကြဖို့သည်မြန်မာအမျိုးသမီးထု၏ အရေးကြီးတာဝန်တစ်ရပ် ဖြစ်လာသည်။

မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းလုပ်ငန်းသည်အမျိုးသားရေးတာဝန်ဖြစ်သည့်အားလျော်စွာ လူအများအကျိုးရှိအောင် ဖန်တီးလုပ်ဆောင် အားထုတ်ကြရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်းဆောင်ရွက်၍ မရနိုင်သဖြင့်အဖွဲ့အစည်းအသွင် စုပေါင်းဆောင်ရွက်ဖို့ လိုအပ်လာသည်။ အထူးသဖြင့် မြန်မာနိုင်ငံလူဦးရေ၏ ၅၀ဒသမ၃ ရာခိုင်နှုန်းအင်အားရှိသောမြန်မာအမျိုးသမီးထု၏ယဉ်ကျေးမှုဆိုင်ရာအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ယနေ့အချိန်တွင် ခိုင်မာစွာ ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းပကားကို အမျိုးသား အကျိုးစီးပွားဖြစ်ထွန်းရေးတွင် ထိရောက်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်လျက် မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာအမျိုးသမီးကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သော ၁၉၉၅ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘီဂျင်းမြို့တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံကထုတ်ပြန်သော **"ဘီဂျင်းကြေညာ စာတမ်း"**ပါ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ၊ သမိုင်းကြောင်းအစဉ်အလာယဉ်ကျေးမှုတို့နှင့်မဆန့်ကျင်စေဘဲညီညွတ်စွာ အကောင်အထည်ဖော်နိုင်ရန် **"မြန်မာအမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစီမံချက်"**ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် အခန်းကဏ္ဍအလိုက် စနစ်တကျ လုပ်ငန်းစဉ်များလည်း ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။

အမျိုးသမီးရေးရာကိစ္စဆောင်ရွက်ရာတွင်ကြီးမားကျယ်ပြန့်သည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်စွာ လွှမ်းခြုံဆောင်ရွက်နိုင်ရန် အကန့်အသတ်များ ရှိလာနေခြင်းကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီက ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့မှစ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (Myanmar Women's Affairs Federation)M.W.A.Fကို အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။

ထိုသို့ဖွဲ့စည်းရာတွင်–

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ခ) အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များဖွံ့ဖြိုးတိုးတက်စေရန်နှင့်အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက်အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) အမျိုးသမီးများနှင့်ကလေးငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊

(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်

ဟူသောကောင်းမွန်မြင့်မြတ်သည့် ရည်ရွယ်ချက်(၇)ရပ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ထိုရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရန် အောက်ပါအမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်ဖြစ်သော–

(က) ဗဟိုအမျိုးသမီးရေးရာအဖွဲ့

(ခ) ပြည်နယ်၊ တိုင်း၊ ပြည်နယ်ခွဲ၊တိုင်းခွဲ၊ အမျိုး သမီးရေးရာအဖွဲ့

(ဂ) ခရိုင်အမျိုးသမီးရေးရာအဖွဲ့

(ဃ) မြို့နယ်အမျိုးသမီးရေးရာအဖွဲ့

(င) ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့များကို ဖွဲ့စည်းထားရှိသည်။

လူမှုရေးအဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ မိမိတိုင်းပြည်နှင့်လူမျိုး၏အကျိုးစီးပွား၊ အမျိုးသမီးများ၏ဘဝဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဦးတည်ချက်ပေါက်မြောက်အောင် ဆောင်ရွက်ကြဖို့ရည်ရွယ်ရင်းဖြစ်သည်။

လူမှုရေးဦးတည်ချက်လေးရပ်တွင် ပါဝင်သော အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဟူသော ရည်ရွယ်ချက်နှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့သည်မိမိတိုင်း၊ မိမိပြည်နယ်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များထိတိုင် လှုပ်ရှားဆောင်ရွက်နေကြပြီဖြစ်သည်။

"နိုင်ငံတော်တွက်၊ ဦးတည်ချက်နှင့်
စဉ်ဆက်မပျက်၊ ရည်မှန်းချက်များ
သက်နှင့်ထပ်တူ၊ ဂရုမူ၍
တလူလူနေ၊ ပေါက်မြောက်လေအောင်
မခေသတ္တိ၊ ပေါင်းစည်းညှိလျက်
အမိယဉ်ကျေးမှု၊ ထိန်းသိမ်းပြုသော
ပြည်သူ့အမျိုးသမီးရေးရာကော်မတီ"

ဟု ကဗျာ ဆရာမ ရွှေဦးမြေ–မြမြသစ်က တင်စားရေးဖွဲ့ခဲ့သည်။ ယခုဆိုလျှင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် အဆင့်သို့ ရောက်ရှိခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်ကလည်း မြန်မာအမျိုးသမီးများ၏ သမိုင်း အစဉ်အဆက် ခံစားရရှိလာခဲ့သည့် အမျိုးသမီးအခွင့်အရေးများကို ထိုက်တန်စွာ ခံစားရရှိနိုင်ရန် အားပေးဆောင်ရွက်လျက်ရှိရာ နေရာပေးခြင်းခံရသော မြန်မာအမျိုးသမီးများမှာ အားငယ် စိတ်၊ သိမ်ငယ်စိတ်မရှိဘဲ မိမိကိုယ်ကိုယုံကြည်မှုအပြည့်နှင့် စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်ကြသည်ကို တွေ့ရှိရသည်။

ရရှိသော အခွင့်အလမ်းနှင့် နေရာကိုလည်း လူမှုကျင့်ဝတ်စောင့်စည်းမှု၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမှု၊ မိမိအမျိုးအနွယ်ကို စောင့်ရှောက်မှု၊ ယဉ်ကျေးသိမ်မွေ့ မာန်မာနကင်းစွာ မိမိကိုယ်မိမိ နှိမ့်ချဆက်ဆံမှုစသည့် စိတ်ဓာတ်အခြေခံများနှင့် ဟန်ချက်ညီညီ ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်နေကြောင်းကိုလည်း တွေ့မြင်ရသည်။

အထူးသဖြင့် ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ခြင်း၊အခြေခံ ယဉ်ကျေးမှု သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ၊ ဂန္ထဝင် တေးဂီတ ဖျော်ဖြေပွဲ၊ မြန်မာ့ယဉ်ကျေးမှုကိုဖော်ကျူးသည့် အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဗုလတော်ဝင်နှစ်ပါးသွားစသော ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ဖျော်ဖြေပွဲများ တင်ဆက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရ၏ ထိရောက်သော ထောက်ကူမှုများနှင့် မှန်ကန်သော ဦးဆောင်မှုအောက်တွင် တစ်မျိုးသားလုံး၏ ဆိုင်ရာကဏ္ဍအလိုက် စည်းလုံး ညီညာသည့် အမျိုးသားရေး စွမ်းအားစုများအဖြစ် စုစည်းပြီး တက်ညီလက်ညီ လက်တွဲ ကြိုးပမ်းထမ်းဆောင်ရာ၌ ယဉ်ကျေးမှုကဏ္ဍတွင် မြန်မာ အမျိုးသမီးများ၏ ဘာသာတရားကိုင်းရှိုင်းသော အစဉ်အလာဆက်လက်ဖြစ်ထွန်းအောင် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ထုံးတမ်းစဉ်လာနှင့်အညီ ဝတ်စားဆင်ယင်မှု ရိုးရာယဉ်ကျေးမှု အနုပညာတို့ကို မြတ်နိုးထိန်းသိမ်းတတ်သော အလေ့အထ ဆက်လက်ရှင်သန်ဖွံ့ဖြိုးအောင် လူမှုရေး၊ စီးပွားရေး ရှုထောင့်က ထိုးဖောက်ဝင်ရောက်လာသော တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးမှုကို တိုက်ဖျက်ချေမှုန်းနိုင်စေရန် မျိုးချစ်စိတ်ဓာတ်ကိုယ်ခံအား ကောင်းမွန်အောင် စာရိတ္တမဏ္ဍိုင်မယိမ်းမယိုင် ကြံ့ခိုင်ရလေအောင် စည်းရုံးပညာပေးမှု အစီအမံများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာအမျိုးသမီးများ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ရှေးရှုပြီး မွန်မြတ်သော စေတနာနှင့်ဆောင်ရွက်ပေးမှုများအား ရိုးရာယဉ်ကျေးမှု အခြေခံဒေသဖြစ်သည့် ကျေးလက် ဒေသများအထိ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေး လှုပ်ရှားမှုများ ကွန်ရက်သဖွယ် ပေါင်းစည်းဖြစ်ထွန်းစေရအောင်၊သွက်လက်ထက်မြက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသော စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်နေအောင်စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာအမျိုးသမီးများအကြား အမျိုးသားရေးစိတ်ဓာတ်ရှင်သန်မြင့်မားရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ရေး၊ မိမိအမျိုးအနွယ်စောင့်ထိန်းကာကွယ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဝံသာနုရက္ခိတတရားနှင့်အညီ အမျိုးအနွယ်စစ်သော၊ အမျိုးတကယ်ချစ်သော၊ ခေတ်အဆက်ဆက်က ခမ်းနားသည့် စွမ်းအားပြည့်ဝသော၊အမျိုးသားရေးစွမ်းအားစုအဖြစ် ဂုဏ်ပြုသော **"မြန်မာအမျိုးသမီးများနေ့"**ကို နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့အား နိုင်ငံတော်က ဂုဏ်ပြုသတ်မှတ်ပေးခဲ့သည်။

ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြန်မာ့စရိုက်နှင့်အညီ ဝတ်စားဆင်ယင် ပြောဆိုနေထိုင်လှုပ်ရှားကြရန် ဟောပြောပွဲများ ပို့ချခြင်း၊ **'ရွှေပေးလို့မရ'**၊ **'အမေပြောမယ်သမီးလေရယ်'**ကဲ့သို့တေးသရုပ်ပြဇာတ်လမ်းများ တင်ဆက်ထုတ်လွှင့်ပေးခြင်း၊ အမျိုးသမီးရေးရာမဂ္ဂဇင်းနှင့် လက်ကမ်းစာစောင် များ ထုတ်ဝေခြင်းဖြင့် ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းရန် တွန်းအားများနှင့် အမျိုးအနွယ်ကို စောင့်ထိန်းသော မြန်မာအမျိုးသမီးစွမ်းအားထုကြီး ခိုင်ခိုင်မာမာ ပေါ်ထွန်းလာသော စွမ်းဆောင်ပေးမှုများ၊ မြန်မာအမျိုးသမီးများသမိုင်းအစဉ်အဆက်ရရှိခံစားခဲ့သောအမျိုးသမီးအခွင့်အရေးများ ပိုမိုပေါ်လွင်လာစေရေးနှင့် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးမှုများကို နိုင်ငံတော်က အသိအမှတ်ပြုခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြပွဲကြီးတွင်လည်း မိမိရိုးရာယဉ်ကျေးမှု၌ အခြေခံရှိပြီးဖြစ်သော ဝတ်စားဆင်ယင်မှုအလှကိုဖော်ကျူးခြင်းနှင့် ထုတ်လုပ်မှုနည်းပညာ၊ အတတ်ပညာရပ်များကိုပြသသောပြပွဲဖြစ်၍ မြန်မာ့ရိုးရာဝတ်စုံကို ခုံမင် နှစ်သက်မြတ်နိုးစွာ ထိန်းသိမ်းဝတ်ဆင် သွားကြရန် ရည်ရွယ်ချက်ဖြင့် အောင်မြင်စွာတင်ဆက် နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ မကြာသေးမီက ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့၏ မုန့်ရောင်းပွဲတော်တွင် မြန်မာ့ရိုးရာဝတ်စုံဖြင့် အလှပြသခြင်းပါတွဲ၍ တင်ဆက်ရာ ပရိသတ်များ အထူးစည်ကားသိုက်မြိုက်စွာ စိတ်ပါဝင်စားစွာလာရောက်အားပေးကြည့်ရှုကြသည်ကို တွေ့ရှိရသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်၏ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု ပြပွဲပြိုင်ပွဲ၊ ဒဂုံမြို့နယ်၏ ယဉ်ကျေးမှုသင်တန်းနှင့် ခရိုင်နှင့်မြို့နယ်အလိုက် ယဉ်ကျေးမှုဆိုင်ရာဟောပြောခြင်း၊ စာတမ်းပြုစုခြင်း၊ ဆောင်းပါးများရေးသားခြင်းတို့ဖြင့် မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် အားကြိုးမာန်တက်စွမ်းဆောင်နေကြကြောင်း တွေ့ရှိရသည်။

အမျိုးသမီးများနှင့် ယဉ်ကျေးမှုကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရန် အမျိုးသားရေးဦးတည်ချက် (၁၂)ရပ်၏ လူမှုရေးဦးတည်ချက်တွင် နည်းဗျူဟာရည်မှန်းချက်များအဖြစ်–

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရန်၊

(၂) ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

စာမျက်နှာ ၁၁ ကော်လံ ၁သို့

29-3 (10).p65 1 3/24/05, 7:38 PM

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ အထူးဆုရရှိသူများအား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်ဆုချီးမြှင့်

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြပွဲပြိုင်ပွဲတွင် အထူးဆုရရှိသူများအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၂၈

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် အနုပညာ ပြိုင်ပွဲများတွင် အထူးဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် ဗိုလ်ချုပ်လမ်းရှိ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်သီလာခန်းမ၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်၍ ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်နှင့်စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊တပ်ဖွဲ့မှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့် အနုပညာ ပြိုင်ပွဲများတွင် ရန်ကုန်တိုင်းအတွင်းမှ အထူးဆုရရှိကြသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အထူးဆုရရှိသူများအား ဆုများချီးမြှင့်ရာ ဝတ္ထုရှည်ပြိုင်ပွဲတွင် ဦးလှရှိန်(သာစုမြေ-ဘုန်းရှိန်)၊ ဦးလှသိန်း(ဇော်မြင့်သိန်း)၊ ဝတ္ထုတို ပြိုင်ပွဲတွင် ဗိုလ်ကြီးနေလင်း(မောင်ချိုဝေ)၊ ဒုတိယဗိုလ်မှူးကြီးသာဌေး (နီငြိမ်း-အညာတက္ကသိုလ်)၊ ဦးသန်းထွန်း (မောင်တင့်ထွန်း-စကု)၊ ဆောင်းပါးပြိုင်ပွဲတွင် သမားတော် ဦးမျိုးအောင် (မင်္ဂလာဒုံ-မျိုးအောင်)၊ ဗိုလ်မှူး တင်မောင်လွင်(မင်းမြတ်မွန်)၊ ဓာတ်ပုံပြိုင်ပွဲတွင် (ဖွံ့ဖြိုးသာယာ ပြည်မြန်မာ-လူသစ်တန်း)၌ အေးကေမိုး(သတ္တဗေဒ)၊ အောင်မင်းဦး (မီးရထား)၊ ညောင်ဦး-ဖိုးချို၊ စိုင်းခမ်းလင်း (Hawk Eyes)၊ ဓာတ်ပုံပြိုင်ပွဲ (ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ-လူသစ်တန်း)၌ ဦးသိန်း ကြည်၊ ဇော်ရဲထွဋ် (တနင်္သာရီ)၊ မောင်မောင်စိုး (သစ်တော)၊ ကျော်သာ (ဟိုက်ချင်း) တို့အားလည်းကောင်း၊ (စစ်ချီတေး၊ စစ်ရေးတေး)ပြိုင်ပွဲတွင် စစ်ချီတေး ပြိုင်ပွဲ၌ ဦးသိန်းစိုး၊ တပ်ကြပ်သန်းထွဋ်၊ တပ်ကြပ်ကြီး မြင့်လွင်၊ စစ်ရေးတေးပြိုင်ပွဲ၌ တပ်ကြပ်ကြီး မြင့်လွင်၊ အရာခံဗိုလ် ဝင်းထွန်း၊ ဦးဝင်းမြင့် (စိုးထွဋ်ခိုင်)၊ ဦးလေးနိုင်၊ ထွန်းထွန်းမင်း၊ အိရွှေစင်မင်း၊ ဒုတိယအရာခံဗိုလ်ဝင်းမောင်၊ ကိုတင့်လွင်၊ ပန်းချီပြိုင်ပွဲ (မူကြိုအဆင့်)တွင် မောင်အောင်ကောင်းမြတ်၊ မောင်ပြည့်ဖြိုးထွန်း၊ မသက်နှင်းခင်၊ မပတ္တမြားခင်၊ မနှင်းနှင်းထွေး၊ ပန်းချီပြိုင်ပွဲ (မူလတန်းအဆင့်ငယ်)တွင် မငြိမ်းဆုသာ၊ မြတ်သီရိထွန်း၊မောင်ထက်အောင်ရှိုင်း၊မောင်ထက်လင်းစံ၊ မောင်ပြည့်ဟိန်းထက်၊ (မူလတန်း အကြီးအဆင့်)တွင် မောင်တိုးဝေယံ၊ မောင်စည်သူအောင်၊ မဆုယမင်း၊ မောင်ထက်နိုင်လင်း၊ (အလယ်တန်းအဆင့်)တွင် မတင်ဇာလွင်၊ မောင်အောင်နိုင်ဦး၊ မမြတ်သီရိမောင်၊ မောင်ကောင်းထက်၊ မဆုမြတ်နိုး၊ အထက်တန်းအဆင့်တွင် မဝင်းသူဟန်၊ မောင်ကောင်းမြတ်မင်းစိုး၊ မမိမိချိုသန်း၊ မောင်ဆုပိုင်ထွန်း၊ မောင်ဖြိုးဇင်လတ်၊ (အလွတ်တန်းအဆင့်)တွင် မောင်ရဲကျော်စွာ၊ ဦးသိန်းကျော်၊ ဦးမောင်ဦး၊ ပန်းပုပြိုင်ပွဲ(အလွတ်တန်း-ပလာစတာ)တွင် မောင်ခင်မိုးထွဋ်၊ မောင်စိုးမြင့်သူ၊ မောင်အောင်ဇော်ဇော်ငြိမ်း၊ (အလွတ်တန်း-သစ်သား)တွင် ကိုသိန်းဇော်၊ ဦးတင်ညွန့်၊ အောင်ရာဇာဦး၊ ဦးဌေးလွင်၊ ဦးရွှေဝင်းသန့်တို့အား ဆုများအသီးသီးချီးမြှင့်သည်။

အထူးဆုရရှိသူများ

ဆက်လက်၍ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စာစီစာကုံး ကဗျာ(တို)(ရှည်)ပြိုင်ပွဲများတွင် အထူးဆုရရှိသူများအား ဆုများချီးမြှင့်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)တွင် ဗိုလ်လောင်း ကောင်းမြတ်လှိုင်၊ ဝဏ္ဏထွန်း၊ မောင်တင်ကိုကိုလွင်၊ မလဲ့ရီပိုင်၊ မောင်ထက်သူအောင်၊ စာစီစာကုံး ပြိုင်ပွဲ (အခြေခံပညာအထက်တန်းအဆင့်)တွင် မခိုင်မာလာညွန့်၊ တက္ကသိုလ် ကောလိပ် သိပ္ပံအဆင့်တွင် မောင်သီဟထွန်း၊ ကဗျာပြိုင်ပွဲတွင် တက္ကသိုလ် ကောလိပ်အဆင့်၌ မောင်သီဟထွန်း၊ အခြေခံပညာ အလယ်တန်းအဆင့်တွင် မောင်သုတဇော်၊ ကဗျာတိုအဆင့် (၂)ပြိုင်ပွဲ တွင် ဦးအောင်သိန်း(အောင်သိန်း-စစ်ကိုင်း)၊ မေသက်နွယ်ဦး၊ စိုးတင့်ထူး(မအူပင်)၊ ချစ်ဒေါင်းနွယ်၊ မောင်ဘုန်းဝေ (တောင်ကုတ်)၊ကဗျာရှည်ပြိုင်ပွဲတွင် တက္ကသိုလ်နွယ်သဇင်၊ ရွှင်လန်း၊ သာစုမြေဘုန်းရှိန်၊ နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်ပြခန်း၊ ကွန်ပျူတာဉာဏ်စမ်း ပဟေဠိပြိုင်ပွဲတွင် မောင်အောင်ခင်ဇော်၊ မောင်သန်းထိုက်ဦး၊ မအိအိလှိုင်၊ မပန်းပလှိုင်၊ မဆုဝတီနွယ်၊ ကျပန်း စကားပြောပြိုင်ပွဲ အလယ်တန်းအဆင့် တွင် မောင်ရာဇာဝင်းထွန်းတို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

အခမ်းအနားအပြီးတွင် (၅၉) နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းမှူးနှင့် ဧည့်သည်တော်များက ဆုရရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

စာမျက်နှာ (၁၀) ဆောင်းပါးမှအဆက်

(၃) မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရန်

ဟူ၍ သတ်မှတ်ထားရှိ ဆောင်ရွက်နေသည်။

အစဉ်အလာကြီးမားသောမြန်မာလူမျိုးတို့၏အမျိုးသားရေးဆိုင်ရာ ယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ကိုးကွယ်မှုတို့ကို ဆက်ခံထိန်းသိမ်းရေးအတွက် မှန်မြတ်သော ဦးတည်ချက်ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းသန်း ၄၀ခန့်ကပင် ပုံတောင်ပုံညာ ဒေသမှတွေ့ရှိရသော လူတူပရိုင်းမိတ်များက **'လူသားမျိုးနွယ်အစ မြန်မာက'**ဟူ၍ပြောနိုင်သော အထောက်အထားများကို ဘူမိဗေဒပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန် ထိရောက်စွာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ၁၉၉၈ခုနှစ် စက်တင်ဘာလ ၁၀ရက် နေ့စွဲဖြင့် **"အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ"**ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

သမိုင်းအစဉ်အဆက်တွင်ဥပဒေ၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှုအရလည်းကောင်း၊ဘာသာရေးအရလည်းကောင်း၊ရှုထောင့်ပေါင်းစုံတွင် အမျိုးသားနှင့် တန်းတူ အခွင့်အရေးရရှိနေသော မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအား ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် မကောင်းသော အသက်မွေးဝမ်းကျောင်းဖြင့် အသက်မွေးကြ၍ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ရောဂါပျံ့နှံ့နေသည်ဟု အမျိုးသစ္စာဖောက် ပုဆိန်ရိုးများက နှိမ့်ချပြောဆိုနေကြသော်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းနေကြသည်ကို လက်တွေ့နယ်ပယ်ထဲတွင် တွေ့မြင်ကြရသည်။

ထို့ကြောင့်လည်း မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပထမအကြိမ် မြန်မာအမျိုးသမီးညီလာခံ၊ ဒုတိယအကြိမ် မြန်မာအမျိုးသမီးညီလာခံတို့ကို ကျင်းပနိုင်ခဲ့ပြီး အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာအမျိုးသမီးထုကြီး၏စွမ်းပကားကို အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီးအခွန့်ရှည် တည်တံ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် မြန်မာအမျိုးသမီးများ၏ မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန် စိတ်ဓာတ်၊ အမျိုးအနွယ်ကို စောင့်လိုသောစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများထိန်းသိမ်းရန် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရင့်သန် ခိုင်မာရန်အတွက် မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဦးဆောင်မှုအောက်တွင် **"အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်စို့"**ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားရေးသန္နိဋ္ဌာန် ချမှတ်၍ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ကြိုးပမ်းလျက်ရှိသည်ကား အမှန်ပင်ဖြစ်သည်။ ။

တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲဆက်လက်ပြသ

ရန်ကုန် မတ် ၂၈

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာ ပြိုင်ပွဲပြပွဲ ကျင်းပရေးကော်မတီက (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသလျက်ရှိရာ အဆိုပါပြပွဲသို့ ရဟန်းရှင်လူ ပြည်သူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀၀ ကျော် စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲ၌ ကျင်းပလျက်ရှိသော စာပေအနုပညာပြပွဲဆိုင်ရာ ဉာဏ်စမ်းမေးခွန်းဖြေဆိုပွဲကိုလည်း နေ့စဉ်ကျင်းပပေးပြီး ဆုရရှိသူများအား ပြိုင်ပွဲပြီးလျှင်ပြီးချင်း ဆုငွေများပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

တပ်မတော်နေ့ အထိမ်းအမှတ် ပြပွဲဆက်

ရန်ကုန် မတ် ၂၈

၂၀၀၄ခုနှစ်(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ယနေ့ နံနက်၉နာရီမှ ညနေ၆နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ တတိယနေ့အဖြစ် ဆက်လက် ဖွင့်လှစ်ပြသလျက်ရှိသည်။

ယင်းပြပွဲတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတ ဉာဏ်စမ်းမေးခွန်းလွှာဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ်မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ကြကာ ဆုရရှိသူများအား နေ့စဉ်ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ယနေ့ပြပွဲသို့ (၅၉)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ မြဝတီစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့တွင် ပါဝင်ကြသည့် တပ်မတော်သားများ၊ ရဟန်းရှင်လူ ပြည်သူများ၊ နိုင်ငံခြားသားများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၅၅၇ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၉-၃-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Monopoly (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဉာဏ်ကျယ်လေး"** (အပိုင်း-၂)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သောအယ်ဒီတာ"** (မြဝတီဂုဏ်ပြုဇာတ်လမ်း) **ဒါရိုက်တာ**-ထူး **သရုပ်ဆောင်**-ဇေယျာသန်းထိုက် အိန္ဒြာကျော်ဇင်၊ မြဝတီဝန်ထမ်းများ
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ဧည့်သည်တော်ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီခေါင်းဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ပုဂံ-ညောင်ဦးနှင့်မန္တလေးမြို့တို့၌ ကြည့်ရှုလေ့လာပြီးပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂၅ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ပုဂံ-ညောင်ဦးလေဆိပ်သို့ ညနေ ၃ နာရီတွင် ရောက်ရှိကြသည်။

တာဝန်ရှိသူများကြိုဆို

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြဿဒ်ကြီးဘုရားသို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်တို့က ပြဿဒ်ကြီးဘုရားနှင့် စပ်လျဉ်း၍ရှင်းလင်းပြသကြသည်။

ဆည်းဆာအလှကြည့်ရှု

ဆက်လက်၍ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် ပြဿဒ်ကြီးဘုရားအထက်ပစ္စယာမှနေ၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရားများအားကြည့်ညိုကြပြီး ပုဂံဒေသ၏ နေဝင်ဆည်းဆာအလှကို ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် ဝန်ကြီး ဦးစိုးသာ၊အဖွဲ့ဝင်များနှင့်အတူ စပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၆ ရက် နံနက် ၈ နာရီတွင် အာနန္ဒာဘုရားသို့ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်)ဦးအောင်ကြိုင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် အာနန္ဒာဘုရားအား ပန်းဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ ပုဂံခေတ်လက်ရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းဆင်းတုတော်များအား လှည့်လည်ကြည်ညိုသည်။

ဓမ္မလက်ဆောင်ပေး

ဆက်လက်၍ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အာနန္ဒာဘုရားပုံတော် ယွန်းပန်းချီကားကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဦးအောင်ကြိုင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် ရွှေစည်းခုံစေတီတော် အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ရုပ်တော်မူ ဗုဒ္ဓဆင်းတုတော်အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဧည့်သည်တော် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် စေတီတော်ရင်ပြင်တော် အင်္ဂါထောင့်ရှိ ဆုတောင်းပြည့်ဘုရားအား ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီး ဂေါပကအဖွဲ့၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ပို့ဆောင်နှုတ်ဆက်

ထိုမှတစ်ဆင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၁၁ နာရီတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ မန္တလေးမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဖော်မင်း၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇ၊ တပ်မတော်အရာရှိများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များအား သယ်ဆောင်ပျံသန်းလာသော အထူးလေယာဉ်သည် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်လာရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တပ်မတော်အရာရှိများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စတာလီရွှေလင်း (Mr. Li Xuelin)နှင့် ကောင်စစ်ဝန်ရုံးမှ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် ကျောင်းသူနှစ်ဦးတို့က ပန်းစည်းပေးအပ်၍ ဂုဏ်ပြု ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များသည် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့ လိုက်ပါလျက် ညနေ ၄ နာရီတွင် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်သို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် ဦးလှကြီးမောင်မောင်၊ ဦးဝေလွင်နှင့်ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား ညွှန်ကြားရေးမှူး ဦးလှကြီးမောင်မောင်က မြနန်းစံကျော် ရွှေနန်းတော်၏ သမိုင်းကြောင်းနှင့် နန်းတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် မြေနန်းပြာသာဒ်ဆောင်ရှိ သီဟာသနပလ္လင်၊ မင်းတုန်းမင်းတရားကြီးနှင့် စကြာဒေဝီ မိဖုရားခေါင်ကြီးတို့၏ ရုပ်တုတော်၊ မင်းခန်းတော်သုံး ပစ္စည်းများနှင့်သမိုင်းဝင်ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် မြနန်းစံကျော် ရွှေနန်းတော်ဝင်းအတွင်းရှိ ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်သို့လည်း ဝင်ရောက် ကြည့်ရှုလေ့လာကြပြီး ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်းရှိ ကကုသန်ဘုရား ရုပ်ပွားတော်မြတ်အား ဖူးမြော် ကြည်ညို၍ ပန်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် အရှေ့တောင်ထောင့်ရှိ ဂြိုဟ်ပြေနံ့ပြေဘုရား ရုပ်ပွားတော်မြတ်များအား ရေသပ္ပာယ်ပြီး မန္တလေးတောင်ပေါ်မှနေ၍ မြို့၏ဖွံ့ဖြိုးတိုးတက်မှုများနှင့် မန္တလေးမြို့၏ ရှုခင်းအလှကို ကြည့်ရှုသည်။

ဆက်လက်၍ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီသည် မန္တလေးတောင်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးပြီး မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားအတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံပြီး မန္တလေးတောင်တော် ကျောက်စီ ပန်းချီကားကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ကျုံးတော်၏အလှ

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များသည် မြန်မာတို့၏ သမိုင်းအမွေအနှစ် တင်ကျန်ရစ်သည့် ခံ့ညားထည်ဝါသော မန္တလေး နန်းမြို့ရိုးကြီးနှင့် ကျုံးတော်၏ အလှကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြန်လည်ထွက်ခွာ

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မတ် ၂၃ ရက်မှ ၂၇ ရက်အထိ ငါးရက်ကြာ ချစ်ကြည်ရေး ခရီးလှည့်ပတ်ပြီးနောက် ယမန်နေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည် ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ဂမုန်းရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၇:၂၅ ၇။ အကပဒေသာ
- ၁၇:၄၀ ၈။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၅၀ ၉။ တေးသရုပ်ဖော်အစီအစဉ်
- ၁၇:၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၅ ၁၁။ ဖြူးချောင်းတံတား
- ၁၈:၁၀ ၁၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
- ၁၈:၂၀ ၁၃။ Discovery
- ၁၈:၃၀ ၁၄။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၅။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၆။ ရင်မှာစွဲထင် ဓာတ်လမ်းရုပ်ရှင် (အပိုင်း-၂)
- ၁၉:၂၀ ၁၇။ တေးဂီတအစီအစဉ်
- ၁၉:၃၅ ၁၈။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁၆)
- ၂၃။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ရုပ်မြင်သံကြားဘဏ်စမ်းပဟေဠိပြိုင်ပွဲ(အဆင့်မြင့်ပညာအဆင့်)

မတ် ၂၈ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် အလယ်တန်းနှင့် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မနှင်းနွယ်က ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

အစည်းအဝေးတွင် ရှေးဦးစွာ သဘာပတိ ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေး ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဆောင်ရွက်ခဲ့သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များက ၂၀၀၄ ခုနှစ် ဇန်နဝါရီမှ မတ်အထိ သုံးလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့သည်များနှင့် လုပ်ငန်းဆောင်ရွက်စဉ်တွေ့ကြုံရသည်တို့နှင့် စပ်လျဉ်း၍ တင်ပြကြရာ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်အင်ဘရန့်ဒွဲဘူက လည်းကောင်း၊ ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းတင်က လည်းကောင်း၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းငွေက လည်းကောင်း၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါက်တာဒေါ်ခင်စောမူက လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် မွန်းလွဲပိုင်းတွင် အစည်းအဝေးကိုဆက်လက်ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်က လည်းကောင်း၊ ရခိုင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ ကိုယ်စား ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းနုက လည်းကောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမိုခမ်းက လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စား ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ နန်းကိန်ဖောင်းတစ်က လည်းကောင်း အသီးသီး ဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အမျိုးသမီးရေးရာ အဖွဲ့ ကိုယ်စား ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ရှိန်ကလည်းကောင်း၊စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ဝေဝေခိုင်က လည်းကောင်း၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အေးအေးသိန်းက လည်းကောင်း၊ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း အလိုက် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ အစည်းအဝေး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြရာ သဘာပတိနှင့် အထွေထွေအတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးပထမနေ့ကို ညနေပိုင်းတွင်ရပ်သိမ်းလိုက်သည်။

အစည်းအဝေး ဒုတိယနေ့(နောက်ဆုံးနေ့)ကို မတ် ၂၉ရက် (ယနေ့)တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား နာယက ဒေါက်တာ ဒေါ်ခင်စောမူက တင်ပြစဉ်။ (သတင်းစဉ်)

အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ခင်သန်းနုက တင်ပြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က တင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမြတ်နီလာအောင်(ငယ်/ရွယ်)က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်က တင်ပြစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သန်းသန်းငွေကတင်ပြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား အတွင်းရေးမှူး ဒေါ်အင်ဘရန့်ဒွဲဘူက တင်ပြစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သန်းတင်က တင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်နန်းမိုခမ်းက တင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါက်တာ နန်းကိန်ဖောင်းတစ်က တင်ပြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အေးအေးသိန်းက တင်ပြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့)ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ရှိန်က တင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ပြသလျက်ရှိသော (၆၀)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် မိသားစုများ တပ်မတော်နေ့အထိမ်းအမှတ်ပြခန်းများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် မိသားစုများသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြသလျက်ရှိသည့် ၂၀၀၄ ခုနှစ် (၆၀)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်းများကို လာရောက်ကြည့်ရှုလေ့လာကြရာ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် သိန်းဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးညဏ်ထွန်းနှင့် ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက်ပြတိုက်ခန်းမ၌ဒုတိယ တပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ စစ်ဦးစီးအရာရှိ (ဒုတိယတန်း) ဗိုလ်မှူးကျော်ကျော်မြင့်က ပြခန်းများ ခင်းကျင်းပြသထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်သံမှူးများနာယက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Senior Colonel Xu Shulai က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် စစ်သံမှူးများနှင့် မိသားစုများသည် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသော (၆၀) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

အမျိုးသမီးလက်ရွေးစင်နှင့် ရှက်သစ်လူငယ်ခြေစမ်း

ရန်ကုန် မတ် ၂၈

ဂျပန်နိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ရှက်သစ်လူငယ်အသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီ၌ အောင်ဆန်းအားကစားပြိုင်ကွင်းတွင်ကျင်းပရာ ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ရှက်သစ်လူငယ်အသင်းအတွက် အဖွင့်ဂိုးကို ပွဲစပြီး မိနစ်၂၀တွင် ကျော်ကျော်ထက်က သွင်းယူသည်။ ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် ချေပဂိုးကို ၄၄မိနစ်တွင် မာလာဝင်းက သွင်းယူသည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် အနိုင်ဂိုးကို ဒုတိယပိုင်း တစ်မိနစ်တွင် သူဇာထွေးက သွင်းယူပေးသည်။

ဒုတိယပိုင်းတွင် ပဏာမမြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းက ခြေစွမ်းပြကစားပြီး အကြိမ်ကြိမ်ဂိုးသွင်းခွင့်များရသော်လည်း ရှက်သစ်လူငယ်အသင်း ဂိုးသမား အစွမ်းပြကာကွယ်နိုင်၍ နှစ်ဂိုးဖြင့်သာကျေနပ်ခဲ့ရသည်။

(မြန်မာ့အလင်း)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၆)နေ (ဦးမြဦး)-ဒေါ်မာဂရက်စိန်တို့၏သား

ဗိုလ်မှူးအောင်ကျော်ဟိုး B.Sc (Geology)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြန်မာ့အသံအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁)နေ ဦးသန်းလှိုင်သစ်(ကျွမ်းကျင်ပညာရှင်၊ MRTV)-ဒေါ်ခင်စုစုတို့၏သမီး

မကြည်ကြည်စုလှိုင်

B.A(I.R),Dip in Jap(U.F.L) (ရုပ်သံကျွမ်းကျင်-၁၊ MRTV-3)

တို့သည် နှစ်ဖက်သောလူကြီးမိဘတို့၏ သဘောတူညီချက်အရ ၂၈-၃-၂၀၀၄ရက်(တနင်္လာနေ့)တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးအောင်ကျော်ဟိုး-မကြည်ကြည်စုလှိုင်။

တိမ်အသင့်တင်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နှစ်သစ်ကူးအကြိုဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ နာယကကြီးဦးစိုးမြင့် (ဒူးရင်းသီး)အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၄ဖြင့် "**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**" ဘွဲ့တံဆိပ် ချီးမြှင့်ခံခဲ့ရခြင်းအတွက် ဘုရားဖြူဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသအမှူးပြုသော ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းသူ အသင်းသား အပေါင်းတို့က နှစ်သစ်ကူးအကြိုသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြပါကြောင်း။

အသင်းသားအသင်းသူများ
ရန်ကုန်မြို့လုံးဆိုင်ရာဝိနယာနုဂ္ဂဟအသင်း။

မော်ကျွန်း အထက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၈

မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့ကြသော အဝေးရောက် ကျောင်းနေဖက်များက သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ၄ရက် နံနက်၉နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများ ပူဇော်မှုခံယူရန် ကြွရောက်ပါရန်နှင့် တပည့်ဟောင်းများ စုံစုံညီညီတက်ရောက် ဂါရဝပြုကြရန်ဖိတ်ကြားထားသည်။ (သတင်းစဉ်)

စာအုပ်ဈေးပွဲတော်နောက်ဆုံးနေ့စည်ကား ကျေးလက်စာကြည့်တိုက်ဖွံ့ဖြိုးရေး စာအုပ်မျိုးစုံလှူဒါန်း

ရန်ကုန် မတ် ၂၈

(၆၀)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း (အထက်လမ်း)ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်)အဆောက်အအုံ၌ မတ် ၁ ၉ရက်မှ ယနေ့ အထိ ၁၀ ရက်ကြာ ဖွင့်လှစ်ရောင်းချခဲ့သည်။

လှူဒါန်း

စာအုပ်ဈေးပွဲတော် ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေ၄နာရီတွင် အဆိုပါ အဆောက်အအုံတွင် ကျင်းပရာ စာအုပ်ဈေးပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း(မြင့်သိန်းအောင်)က ကျေးဇူးတင်စကားပြောကြားပြီး စာပေတိုက်များမှ လှူဒါန်းသောစာအုပ်များကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)တို့က လက်ခံကြသည်။

ရောင်းချရ

ယနေ့တွင် စာအုပ်ဈေးပွဲတော် နောက်ဆုံးနေ့ဖြစ်သည့် အားလျော်စွာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းခြောက်ထောင်ကျော် လာရောက် ဝယ်ယူအားပေးကြရာ ငွေကျပ် ၁၀ သိန်းကျော်ဖိုး ရောင်းချရပြီး စာအုပ်ဈေးပွဲတော်ကာလအတွင်း စုစုပေါင်းငွေကျပ် ၈၁ သိန်းကျော်ဖိုး ရောင်းချရကြောင်း သိရသည်။

စာအုပ်ဈေးပွဲတော်တွင် ဖွင့်လှစ်ရောင်းချကြသည့် စာအုပ်ဆိုင်များ၊ စာပေတိုက်များက ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးရေးအတွက်တန်ဖိုး ငွေကျပ် တစ်သိန်းခန့်ရှိ စာအုပ်၊ မဂ္ဂဇင်းမျိုးစုံ စုစုပေါင်း လေးရာကျော်ကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီး သတိပြုပါ

အင်အားအသင့်အတင့်မြေငလျင်လှုပ်

ရန်ကုန် မတ် ၂၈

၂၀၀၄ခုနှစ် မတ်၂၈ရက် မြန်မာစံတော်ချိန် ဝ၁နာရီ ၂၁ မိနစ် ၃၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၁၃၂၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကို ဗဟိုပြု၍အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကသတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေး ဖားအောက်တောရ သင်္ကြန် တရားစခန်းဖွင့်မည်

မန္တလေး မတ် ၁၅

ဖားအောက်တောရဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အာစိဏ္ဏ အရှင်သူမြတ်၏ ဥပနိဿယ အတိုင်း အပြည့်ပြည့်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ မန္တလေးတောင်ခြေ ဖားအောက်တောရ ကမ္မဋ္ဌာန်းကျောင်းတွင် ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ကေသရိန္ဒ ကြီးမှူး၍ ဧပြီ ၈ ရက်မှ ၁၇ရက်အထိ မဟာသင်္ကြန် အထူးတရားစခန်းဖွင့်မည်ဖြစ်သည်။

ယောဂီ ၅၀၀ လက်ခံမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးကို ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့မှ တာဝန်ယူမည်ဖြစ်ရာ စခန်းဝင်၍ တရားရှုပွား အားထုတ်လိုသူများသည် မန္တလေး တောင်ခြေ ဖားအောက်တောရ ကမ္မဋ္ဌာန်းကျောင်းသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၂-၃၉၃၇၁ သို့ဖြစ်စေ ကြိုတင်ဆက်သွယ် စာရင်းပေးပို့နိုင်ကြောင်းနှင့် ဧပြီ၇ရက် ညနေအရောက်လာရောက်ကြရန် နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မကွေးတိုင်းဆေးရုံ၌ ထာဝရငွေပဒေသာပင်စိုက်ထူ

မကွေး မတ် ၁၇

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၅ ရက်က မကွေးတိုင်းပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ကျင်းပရာ မကွေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း ဇနီးဒေါ်ငြိမ်းငြိမ်းထိုက် မိသားစုတို့က ကျပ်ငါးသိန်း၊ ဦးကျော်ဝင်း-ဒေါ်တင်တင်ချို (ထိန်ထိန်သာဘော်ဒါ) မိသားစုတို့က ကျပ်ငါးသိန်း၊ ဦးအိတင်-ဒေါ်စမ်းစမ်းဝေ မိသားစုတို့ကကျပ်ငါးသိန်း၊ ဦးအေးသွင်-ဒေါ်လှမြစ်ထူးမိသားစုတို့က ကျပ်ငါးသိန်း၊ ကုန်သည်ကြီးများ အသင်းက ကျပ်တစ်သိန်း စုစုပေါင်း ၂၁ သိန်းကို တိုင်းဆေးရုံအုပ်ကြီး ဒေါက်တာသန်းဝေ ထံသို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(၄၀၅)**

မိတ္ထီလာ မုန်ပင်ဆည် ကျေးလက်စက်ရေတွင်း ဖွင့်ပွဲကျင်းပ

မိတ္ထီလာ မတ် ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော မုန်ပင်ဆည်ကျေးရွာ စက်ရေတွင်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက်က ကျင်းပသည်။

အဆိုပါစက်ရေတွင်းဖွင့်ပွဲအခမ်းအနားသို့ မိတ္ထီလာခရိုင် ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးညီညီတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဖြင့် စက်ရေတွင်း ၂၇တွင်း၊ တွင်းတိမ်တစ်တွင်း၊ အလှူရှင်တို့၏ အလှူငွေဖြင့် စက်ရေတွင်း ၁၆ တွင်းတို့ကို ကျေးရွာ ၄၄ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် စည်ပင်)**

မတ် ၁၇ ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့လှိုင်သာယာမြို့နယ်နေ ကိုသီဟ-မခင်အေးသင်းတို့က ဆဋ္ဌမအကြိမ်အလှူရှင် စက်ရေတွင်းဖွင့်ပွဲကို ပျော်ဘွယ်မြို့နယ်ဒီးဒုတ်ကုန်းကျေးရွာတွင်ကျင်းပရာ ရမည်းသင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ရေစကြို ကြက်ဆူကျင်း အထကခွဲ ပညာရေးငွေပဒေသာပင်စိုက်ထူ

ရေစကြို မတ် ၁၆

မကွေးတိုင်းပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြက်ဆူကျင်းဘက်စုံဖွံ့ဖြိုးမှုဒေသ ကြက်ဆူကျင်း စံပြကျေးရွာ အထက်တန်းကျောင်းခွဲကျန်စစ်သားခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပညာရေး ပဒေသာပင် အလှူငွေစိုက်ထူ လှူဒါန်းခြင်း အခမ်းအနား ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကြက်ဆူကျင်းဒေသဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်း ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တကုန္တက (ဓမ္မာစရိယပါဠိပါရဂူ၊ မဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အလှူရှင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်တင်နှင့်ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ ကြက်ဆူကျင်း တိုက်နယ်ဥက္ကဋ္ဌ ဦးအုန်းငွေနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ဆူကျင်း ရဲစခန်းမှ ရဲကင်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အလှူငွေများလှူဒါန်း

အခမ်းအနားတွင် ရေစကြိုမြို့နယ် စည်ပင်သာယာရပ်နေ ဦးတင်ရွှေ-ဒေါ်စန်းစန်းဝင်းနှင့် သားသမီးများက ပညာရေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ရေစကြိုမြို့နယ် စည်ပင်သာယာရပ် ဦးတွက်-ဒေါ်နုနုခင်နှင့် သားသမီးများက အလှူတော်ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ နှစ်ဖက်သောမိဘများကို အမှူးထား၍ လှူဒါန်းကြကြောင်းနှင့် အများကောင်းမှု အလှူတော်ငွေကျပ်တစ်သိန်းကို ထပ်မံလှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီးတို့က အလှည့်ကျလက်ခံပြီး ဦးဆောင်နာယကဆရာတော်က ကျေးဇူးတင်စကား မြွက်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က-ပ)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတည်ဆောက်သော မင်းလှမြို့နှင့်လက်ပံတန်းမြို့သို့ ဆက်သွယ်သည့် ကျေးလက် ဂဝံလမ်းရှိ အောက်ကိုင်းကြီး အုတ်ခုံခံသစ်သား တံတားဖွင့်ပွဲကို မတ် ၂၀ရက်က မင်းလှမြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူ၊ မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသီဟထွန်းနှင့် အုန်းပင်ပေါက်ကျေးရွာ ဥက္ကဋ္ဌ ဦးလှမင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် စက်မှုလယ်ယာဦးစီးဌာနက လယ်ယာ ၁၆ လက်တွန်းထွန်စက်များကို ဖေဖော်ဝါရီ ၂၄ ရက်က မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား ရောင်းချပေးရာ ခရိုင်စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်ဦးစီးအရာရှိဦးထွန်းနိုင်သန်းက စက်အသုံးပြုနည်းနှင့် စပ်လျဉ်း၍ သရုပ်ပြရှင်းလင်း ရောင်းချပေးစဉ်။(ခရိုင် ပြန်/ဆက်)

အမြို့မြို့အနယ်နယ် သတင်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ပေါင်းတည်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေး တံတားဖွင့်

ပြည် မတ် ၂၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် ကျောင်းတော်ရာအုပ်စု ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျောင်းတော်ရာ အုတ်ခုံခံသစ်သားတံတားဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက် ၈ နာရီက အဆိုပါတံတား၌ ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်၊ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်းနှင့်ပေါင်းတည်မြို့နယ်ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားကို လိုက်လံကြည့်ရှုကြသည်။**(အပေါ်ပုံ)**

အဆိုပါ တံတားအား ဒီဇင်ဘာ ၂၅ ရက်တွင် စတင်တည်ဆောက်ပြီး ဖေဖော်ဝါရီ၂၉ ရက်က ပြီးစီးကာ နိုင်ငံတော်ကထည့်ဝင်ငွေကျပ်ငါးသိန်း၊ ပြည်သူမှ ထည့်ဝင်ငွေကျပ်ငါးသိန်းဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ ၎င်းတံတားဖွင့်လှစ်နိုင်သည့်အတွက် ကျေးရွာအုပ်စုပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ကြပြီဖြစ်သည်။ **(၄၀၃)**

မတ် ၁ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ပုသိမ်(မော်တင်) လမ်းခွဲ ငရုတ်ကောင်း တောင်ရွာမှ ငရုတ်ကောင်းမြို့သို့ ဆက်သွယ်သော အရှည် ၁၉မိုင် ၅ဖာလုံ မြေသား လမ်းဖောက်လုပ်ခြင်းကို ကွင်းဆင်းစစ်ဆေးရာ ငပုတော မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ငွေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ရွှေကျောင်းကျေးရွာ တွဲဖက် အလကကျောင်းတွင် နယ်လှည့် စာကြည့်တိုက် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပရာ ကော့စိန်ကျေးရွာ ဥက္ကဋ္ဌဦးကျော်စိုး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မတ် ၂၄ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု၍ မင်္ဂလာတောင်ညွန့် မြို့နယ် ကြက်ခြေနီ တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့တို့အတွက် ဝတ်စုံ၉၀ ဝယ်ယူရန် ငပလီ အင်တာပရိုက်စ် လီမိတက် ရွှေမြယာ အဆင့်မြင့်အိမ်ရာ စီမံကိန်း မန်နေဂျင်းဒါရိုက်တာ ဦးမြင့်နိုင်က အလှူငွေကျပ် ၄၅၀၀၀၀ ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုသို့ ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

တီဘီရောဂါကာကွယ်နှိမ်နင်းရေး

(က) ရောဂါဖြစ်ပွားကူးစက်ပုံ

- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင် ချောင်းဆိုးခြင်း၊ နှာချေခြင်း သလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ ကူးစက်သည်။
- အသက်အရွယ်မရွေး လူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှု ရှိသူများတွင် အဖြစ်များသည်။

(ခ) ရောဂါလက္ခဏာများ

- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ် ၃ပတ်နှင့်အထက်)။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင် သွေးပါခြင်း။
- အဖျားတာရှည်ခြင်း။
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း။
- ကျောရင်အောင့်ခြင်း။

(ဂ) ကြိုတင်ကာကွယ်ခြင်း

- ရင်သွေးငယ်များအား ကာကွယ်ဆေး (ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပဝါကို အသုံးပြုပါ။
- သလိပ်နှင့် တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) ကုသမှုခံယူခြင်း

- **"တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု"** နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှအကောင်းဆုံး ကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါသံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရွှေဘုန်းပွင့်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေးစည်းဝေး

ရန်ကုန် မတ် ၂၈

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး(၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ကျင်းပရေးကော်မတီ အစည်းအဝေးကို မတ် ၂၁ရက် ညနေက ရွှေဘုန်းပွင့် ဓမ္မာရုံတွင် ကျင်းပသည်။ အစည်းအဝေးတွင် စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်မောင်စိုးတို့က အမှာစကားပြောကြား၍ ဧပြီ ၃ရက်တွင် ရွှေဘုန်းပွင့်ဓမ္မာရုံ၌ ဆွမ်းတော်ကြီးတင်လှူပွဲကို ပြုလုပ်၍ ဧပြီ ၄ရက် (တနင်္ဂနွေနေ့)တွင် မြတ်စွာဘုရား အမှူးပြုသည့် သံဃာတော် ၁၄၄ပါး၊ သီလရှင် ၄၅ပါး စုစုပေါင်း အပါး ၁၉၀တို့အား ညနေ ၄နာရီခွဲမှစ၍ ဦးရွှေဂွန်းလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေကျော်လမ်းမကြီး၊ လိပ်ကန်လမ်းတို့သို့ လှည့်လည်၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို အလှူခံကြွရန် အစည်းအဝေးက ဆုံးဖြတ်ကြသည်။ (က-ပ)

ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်း ၁ဝရက်တရားစခန်း ကျင်းပမည်

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်းမင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ်ကွက် ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်း ကျောင်းတိုက်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ဥပနိဿယနှင့်အညီ ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ ဇာနေယျ (ဓမ္မာစရိယ)ဦးဆောင်၍ဘဒ္ဒန္တ ဥတ္တရဝံသ၊ဘဒ္ဒန္တ ဇာနိဿရ၊ ဘဒ္ဒန္တ ဉာဏော ဘာသ၊ ဘဒ္ဒန္တဥက္ကဋ္ဌတို့က ၁၃၆၅ ခုနှောင်းတန်ခူးလပြည့်ကျော် ၅ရက်မှ ကဆုန်လဆန်း ၁ရက် (၂၀၀၄ခုနှစ် ဧပြီ ၉ ရက်မှ ၁၉ရက်)အထိ ဝိပဿနာ တရားများကို ဟောကြား ပြသပို့ချမည် ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီ သူတော်စင်များ ဧပြီရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွမ်းအလှူဒါနပြုလုပ်သူများ အနေဖြင့် ဖုန်း- ၆၉၉၁၆၃၊ ၆၃၅၉၇၆၊ ဝ၉-၅ဝ ၁၁၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၅ရက်က လသာမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ခုနှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ကျောင်းခန်းမဆောင်၌ ကျင်းပရာ စတုတ္ထတန်းမှ မယုသန္တာထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရည်ရည်ခိုင်က သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၅၉)

စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်

ရန်ကုန် မတ် ၂၈

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ကျန်စစ်သားလမ်းရွှေဘုံသာဘုန်းတော်ကြီးကျောင်းတွင် မတ် ၂၁ရက် မွန်းလွဲ ၁နာရီက စူဠဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပရာ မြို့နယ်သံဃနာယက ဆရာတော် ဦးတိက္ခနှင့် မြို့နယ်အတွင်းရှိ ကျောင်းထိုင်ဆရာတော်ကြီးများ၊ စာအောင်သံဃာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင်၊ အတွင်းရေးမှူး ဦးမျိုးညွန့်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနဦးစီးမှူး ဦးခင်ဦး၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာအောင် သံဃာ ၅၇ပါးနှင့် ဆရာတော်ကြီးများအား မြို့နယ်ဦးစီးမှူး ဦးတင့်ကျော်လွင်နှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် နဝကမ္မ ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၈

ပန်းတနော်မြို့ သာသနာ့ဟိတာရာမ ပုခန်းကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာရိပ်သာ၌ ဆရာတော် ဦးပညာသာမိကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော(၅၂)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းဖွင့်မည်ဖြစ်ရာ တန်ခူးလပြည့်ကျော် ၇ ရက်မှ ၁၃ ရက်ထိ (ဧပြီ ၁၁ရက်မှ ၁၇ ရက်ထိ) ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲ၌ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစခန်းစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်က ဆရာတော် ဦးကောဝိဒနှင့် ဦးကေသဝ(ပျော်ဘွယ်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားပြသမည်ဖြစ်သည်။တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၀ ရက်ညနေ ၅ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(၃၂၇)**

ရှင်သာမဏေဓမ္မဗိမာန် သမထ ဝိပဿနာသင်တန်း

ရန်ကုန် မတ် ၂၈

ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ခုနစ်ရက်စခန်း သမထ ဝိပဿနာသင်တန်းကို ဧပြီ ၂ရက်မှစ၍ ညနေ ၅နာရီမှ၆နာရီခွဲထိ ဖွင့်လှစ်မည်။ သင်တန်းကို အနာဂါမ်ဆရာသက်ကြီးနည်းအရ၊ ဒလအံ့ကြီး လယ်တီမူ ဓမ္မရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေက ဦးဆောင်ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၂၉-၃-၂၀၀၄ (တနင်္လာနေ့)

- ❑ An Introduction to Educational Psychology
  - ဘီအီးဒီပနှစ် စာပေးစာယူ ကျောင်းသူ ကျောင်းသားများ။
- ❑ Validity & Reliability
  - ဘီအီးဒီဒုနှစ်စာပေးစာယူ ကျောင်းသူ ကျောင်းသားများ။

၃၀-၃-၂၀၀၄ (အင်္ဂါနေ့)

- ❑ Key Functions of Management
  - ဘီအီးဒီဒုနှစ်စာပေးစာယူ ကျောင်းသူ ကျောင်းသားများ။
- ❑ The Home
  - ဘီအီးဒီပနှစ်စာပေးစာယူ ကျောင်းသူ ကျောင်းသားများ။

၃၁-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ General Methodology
  - ဘီအီးဒီဒုနှစ်စာပေးစာယူ ကျောင်းသူ ကျောင်းသားများ။

၁-၄-၂၀၀၄ (ကြာသပတေးနေ့)

- ❑ Introduction to Economics
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ၊ ကျောင်းသူ ကျောင်းသားများ။
- ❑ Frequency Distribution Table
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား ကျောင်းသူ ကျောင်းသားများ။

၂-၄-၂၀၀၄ (သောကြာနေ့)

- ❑ Demand
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ၊ ကျောင်းသူ ကျောင်းသားများ။
- ❑ The Purpose of Accounting and Double Entry Book-keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ။
- ❑ Business Environment
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ ကျောင်းသူ ကျောင်းသားများ။

၃-၄-၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ။

၄-၄-၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ ကျောင်းသားများအတွက် သင်ခန်းစာများ။

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၈

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့)နံနက်၁၀နာရီတွင် အသင်းတည်ရှိရာ နာယက ဒေါ်သန်းသန်းနေအိမ် အမှတ်၂၆၇ ပြည်လမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ အသက်၇၅နှစ်အထက်အဘိုးအဘွားများနှင့် ၂၀၀၂-၂၀၀၃ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသူ ကျောင်းသားများ နီးစပ်ရာအမှုဆောင်များထံ စာရင်းပေးသွင်းကြရန်နှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် မင်္ဂလာရက်မြတ်ဆုတောင်းလွှာ

ချစ်ဖေဖေ ဦးဘိုးထို (အငြိမ်းစားပညာမင်းကြီး) ချစ်မေမေ ဒေါ်ခင်သိန်းတို့၏ နှစ်(၆၀)ပြည့် ၂၆-၃-၂၀၀၄ ရက် မင်္ဂလာရက်မြတ်မှာ ကိုယ်ကျန်းမာ စိတ်ချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေလို့ ရပ်ဝေးရပ်နီးမှ သားသမီးမြေးမြစ်တို့က ဆုတောင်းမေတ္တာပို့လိုက်ပါသည်။

သမီးကြီး – ဒေါက်တာ မေသိန်းထို(Enviromental Health Consultant)–ဒေါက်တာ Glenn(Senior Medical Officer)
သမီးလတ် – ဒေါ်မာလာသိန်းထို(Proprietor,Philippines)
သားငယ် – ဦးကျော်ကျော်သိန်းထို (ဌာနမှူး DCPT)–ဒေါက်တာ ဖြူဖြူမေသန်း
မြေးများ – မေမွန်(Lawyer)
– စိုးလင်း(Computer Expert)
– သူရမောင် (Electronic Enginner Philippines)–Gina(Medical Officer Philippines)
– သိန်းထိုအောင် (VII C အထက(၂)ဗဟန်း)
မြစ် – အိခင်ဇာ

ရန်ကုန်ဂေါက်အသင်း(တည်ဦးကုန်း) မိသားစုနေ့နှင့် ဆုပေးပွဲ

ရန်ကုန်ဂေါက်အသင်း နှစ်ပတ်လည်မိသားစုနေ့နှင့် ဆုပေးပွဲ အခမ်းအနားကို ၂၀၀၄ခုနှစ် ဧပြီလ ၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂း၀၀နာရီတွင် ရန်ကုန်ဂေါက်အသင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများနှင့် မိသားစုများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ရန်ကုန်ဂေါက်အသင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါတံတားများအတွက် တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်လိုသူများအား တင်ဒါဖိတ်ခေါ်ပါသည်။

(က)	မူးမြစ်ကူးတံတား	ရေဦးမြို့နယ်
(ခ)	ချင်းတွင်း(ဆင်ဖြူရှင်)တံတား	ချောင်းဦးမြို့နယ်
(ဂ)	ရေးမြစ်ကူးတံတား	ရေးမြို့နယ်
(ဃ)	မြို့ကွင်းတံတား	ဟသ်ာတမြို့နယ်
(င)	ဖားတစ်ရှဉ်း (ဖားရှဉ်း)တံတား	ကြံခင်းမြို့နယ်

၂။ ချိပ်ပိတ်တင်ဒါတင်သွင်းလိုပါက သတ်မှတ်ထားသည့်တင်ဒါစည်းကမ်းနှင့် ချုပ်ဆိုရမည့်စာချုပ်မူကြမ်းကို သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ/ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (သို့မဟုတ်) သက်ဆိုင်ရာ မြန်မာ့မီးရထား၊ မန်နေဂျာ(သွားလာရေး/တိုင်း) တိုင်းရုံးများတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါတင်သွင်းရမည့်ရက်၊အချိန် – ၃၀-၃-၂၀၀၄ (အင်္ဂါနေ့) (၀၉း၀၀)နာရီမှ (၁၂း၀၀)နာရီထိ

၄။ ချိပ်ပိတ်တင်ဒါဖွင့်လှစ်မည့်ရက်၊အချိန် – ၃၀-၃-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ(၁၃း၀၀)နာရီ

မြန်မာ့မီးရထား
ဖုန်း–၀၁ ၂၉၁၃၉၆၊ ၀၁ ၂၀၁၅၅၅၊ လိုင်းခွဲ ၄၂၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၅၂) မြေကွက်အမှတ်(၁၉) မညွှန့်တင် အမည်ရှိ နှစ် ၉၀ ဂရန်မြေအား အမှတ်(၁၇၉)၄ဝါလမ်း၊ အလုံမြို့နယ်နေ ဒေါ်ခင်မြမြ ၁၂/အလန(နိုင်)၀၂၈၅၈၂ က မြေပုံကူးခွင့် လျှောက်ထားလာရာ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၀၄ ခုနှစ် ဧပြီလ ၁ရက် ကြာသပတေးနေ့သည် ဘဏ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

လေလံတင်ရောင်းချရန်ကြော်ငြာ

တိုင်းနှင့်ပြည်နယ်အသီးသီးရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော အောက်ဖော်ပြပါ နိုင်ငံတော်ပိုင်တံတား ၇၃ စင်းအား ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ် လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များအား တံတားတည်ရှိရာ သက်ဆိုင်ရာ တိုင်း၊ စစ်ဌာနချုပ်နယ်မြေများတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်။

နိုင်ငံတော်ပိုင်တံတားများမှာ အောက်ပါအတိုင်းဖြစ်သည်။

စီမံကိန်းဝင်တံတားများ

၁။ ဗလမင်းထင်တံတား(မြစ်ကြီးနားမြို့)
၂။ ရွှေလီတံတား(ရွှေကူမြို့)
၃။ မိုးကောင်းတံတား(မိုးကောင်းမြို့)
၄။ သံလွင်တံတား(ဘားအံမြို့)
၅။ ဂျိုင်း(ကော့ကရိတ်)တံတား(ဘားအံမြို့)
၆။ မဲဇာတံတား(ကသာမြို့)
၇။ ချင်းတွင်းတံတား(မုံရွာမြို့)
၈။ နဝဒေးတံတား(ပြည်မြို့)
၉။ ခပေါင်းတံတား(တောင်ငူမြို့)
၁၀။ စစ်တောင်းတံတား(ရွှေကျင်မြို့)
၁၁။ အနော်ရထာတံတား(ချောက်မြို့)
၁၂။ ဧရာဝတီ(မကွေး)တံတား(မင်းဘူးမြို့)
၁၃။ ဂျိုင်း(ဇာသပြင်)တံတား(မော်လမြိုင်မြို့)
၁၄။ အတ္ထရံတံတား(မော်လမြိုင်မြို့)
၁၅။ ကစ္ဆပနဒီတံတား(ကျောက်တော်မြို့)
၁၆။ ရာမောင်တံတား(မင်းပြားမြို့)
၁၇။ မင်းချောင်းတံတား(စစ်တွေမြို့)
၁၈။ အမ်းကြိုးတံတား(အမ်းမြို့)
၁၉။ အောင်ဇေယျတံတား(လှိုင်သာယာမြို့)
၂၀။ ရွှေပြည်သာတံတား(လှိုင်သာယာမြို့)
၂၁။ တာကော်အက်တံတား(တန့်ယန်းမြို့)
၂၂။ မအူပင်တံတား(မအူပင်မြို့)
၂၃။ ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်းမြို့)
၂၄။ မြောင်းမြတံတား(မြောင်းမြမြို့)
၂၅။ လပွတ္တာတံတား(မြောင်းမြမြို့)
၂၆။ ဥတိုတံတား(ပုသိမ်မြို့)
၂၇။ ဒါးကတံတား(ကျောင်းကုန်းမြို့)
၂၈။ ဒေးဒရဲတံတား(ဖျာပုံမြို့)
၂၉။ ဝါးခယ်မတံတား(ဝါးခယ်မမြို့)
၃၀။ ရွှေလောင်းတံတား(ဝါးခယ်မမြို့)
၃၁။ ပုလောတံတား(ပုလောမြို့)
၃၂။ ပလောက်တံတား(ပုလောမြို့)
၃၃။ ကောလိယချောင်းတံတား(ပဲခူးမြို့)
၃၄။ ကွင်းချောင်းတံတား(ဖြူးမြို့)
၃၅။ ဖြူးချောင်းတံတား(ဖြူးမြို့)
၃၆။ သူရဲတန်းတံတား(ပန်းတောင်းမြို့)
၃၇။ ကျွန်းကလေးတံတား(လက်ပံတန်းမြို့)
၃၈။ ရဲနွယ်တံတား(ညောင်လေးပင်မြို့)
၃၉။ ပင်းချောင်းတံတား(ရေနံချောင်းမြို့)
၄၀။ ယင်းချောင်းတံတား(မကွေးမြို့)
၄၁။ ကုက္ကိုခွတံတား(တောင်တွင်းကြီးမြို့)
၄၂။ မုန်းချောင်းတံတား(ပွင့်ဖြူမြို့)
၄၃။ မန်းချောင်းတံတား(မင်းဘူးမြို့)
၄၄။ နွယ်တမယ်တံတား(စလင်းမြို့)
၄၅။ ကိုးပင်တံတား(ဆင်ပေါင်ဝဲမြို့)
၄၆။ ဘွက်ကြီးတံတား(အောင်လံမြို့)
၄၇။ ကန်လည်တံတား(မင်းတုန်းမြို့)
၄၈။ ယောချောင်းတံတား(ဆိပ်ဖြူမြို့)
၄၉။ နားငွေ့ချောင်းကျတံတား(ပုသိမ်ကြီးမြို့)
၅၀။ မြစ်ငယ်တံတား(စဥ့်ကိုင်မြို့)
၅၁။ စမုံပေါက်တံတား(မြစ်သားမြို့)
၅၂။ သူရဲချောင်းတံတား(ပျော်ဘွယ်မြို့)
၅၃။ စမုံတံတား(ဝမ်းတွင်းမြို့)
၅၄။ တံငါတံတား(မတ္တရာမြို့)
၅၅။ ရေးချောင်းတံတား(ရေးမြို့)
၅၆။ ဘီးလင်းတံတား(ဘီးလင်းမြို့)
၅၇။ ရွှေလှေတံတား(သံတွဲမြို့)
၅၈။ ကျိန္တလီတံတား(ဂွမြို့)
၅၉။ ပုဇွန်ဖြေတံတား(သံတွဲမြို့)
၆၀။ ဘုရင့်နောင်တံတား(လှိုင်သာယာမြို့)
၆၁။ တာကော်တံတား(ကွန်ဟိန်းမြို့)
၆၂။ ကွန်ဟိန်းတံတား(ကွန်ဟိန်းမြို့)
၆၃။ မိုးတေတံတား(သီပေါမြို့)
၆၄။ သံလွင်(တာဆန်း)တံတား(မိုင်းတုံမြို့)
၆၅။ ကျောင်းကုန်းတံတား(ကျောင်းကုန်းမြို့)
၆၆။ ခဲပေါင်တံတား(ကျုံပျော်မြို့)
၆၇။ ငဝန်တံတား(ရေကြည်မြို့)

သာမန်တံတားများ

၁။ ဒုံသမိတံတား(ဘားအံမြို့)
၂။ ဖားရိတံတား(ဖလမ်းမြို့)
၃။ ညောင်ပင်ဝန်းတံတား(စစ်ကိုင်းမြို့)
၄။ သမရိုးတံတား(ဝက်လက်မြို့)
၅။ ကမြောကင်းတံတား(ထားဝယ်မြို့)
၆။ ဝင်းဝတံတား(သရက်ချောင်းမြို့)

လေလံယှဉ်ပြိုင်လိုသူများသည် တံတားတည်ရှိရာ သက်ဆိုင်ရာ တိုင်း၊ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန။



ကျေးဇူးတင်လွှာနှင့် တစ်လပြည့်ဆွမ်းကျွေး

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ ဗိုလ်ကံကောင်း B.A.(D.S.A)၊ အပတ်စဉ် (၄၅)၊အသက်(၂၂)နှစ် ကွယ်လွန်ခဲ့စဉ် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအား အထူးကျေးဇူး တင်ရှိပါကြောင်းနှင့်–

ကွယ်လွန်သူအား ရည်စူး၍ ၃-၄-၂၀၀၄ ရက်(စနေနေ့)တွင် သံဃာတော်များအား တစ်လပြည့် ဆွမ်းကျွေးမည်ဖြစ်ပါ၍ ရန်ကင်းမြို့နယ် ၃၀၄ ရိပ်သာ၊ လိုင်း ၁၆၀၊ အခန်း ၅သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဒုတိယအရာခံဗိုလ်ထင်ကျော်–ဒေါ်အေးအေးမြင့်
မိသားစု။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မိုးကုတ်မြို့၊ ကျပ်ပြင်မြို့မရပ်၊ အမှတ် ၃၄၃ နေ
ဦးထွန်းဦး–ဒေါ်ယဉ်စိမ်း တို့၏သားထွေး
စိုင်းဇာလီထွန်း B.Sc (Physics)
နှင့်
တောင်ငူမြို့၊ ကေတုမတီမြို့သစ်၊ သုခသီတာခြံ၊ အမှတ် ၁၇၁ နေ
ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)–ဒေါ်ဝေဝေမြင့် တို့၏ တစ်ဦးတည်းသောသမီး
မမေသီတာလှမြင့် B.Sc (Maths; Hons)

တို့၏ ၂၈–၂–၂၀၀၄ (စနေနေ့)တွင် တောင်ငူမြို့၊ ဟုတ်ဝမ်မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ အားကစားဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် နှင့် ဇနီး ဒေါ်အေးအေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီနှင့် ဇနီး ဒေါ်နန်းမြင့်စိန်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်ကျော်အောင်နှင့် ဇနီးဒေါ်ဆွေဆွေဝင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ရတနာဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော ရုပ်ရှင်၊ ဗီဒီယိုနှင့် ကြော်ငြာ သရုပ်ဆောင် နှင်းဝတ်ရည်သောင်းနှင့် အေးဝတ်ရည်သောင်း၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော ညီမလေးယဉ်မင်းထွဋ်၊ သတို့သားအရန်အဖြစ် ဆောင်ရွက်ပေးကြသော မောင်နေဝင်းထွန်းနှင့် မောင်ဖြိုးဝေသန့်၊ သတို့သမီးအရန်အဖြစ်ဆောင်ရွက်ပေးကြသော ညီမလေး ခင်စုလှိုင်နှင့် ညီမလေး အေးစန္ဒာဝင်း၊ Zaw Group တေးဂီတအဖွဲ့နှင့် တွဲဖက်သီဆိုပေးကြသော တေးသံရှင် ဘိုဖြူ၊ လူမော်၊ ရတနာဦးနှင့် တေးသံရှင်များ၊ မိတ်ကပ်နှင့်အလှဖန်တီးရှင်စိုးစိုး(မန္တလေး)၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော လဲ့လဲ့ဝင်း၊ ဓာတ်ပုံနှင့် ဗီဒီယို Angel(မန္တလေး)၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဒုတိယဗိုလ်မှူးကြီး မျိုးတင့်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်နှင်းပန်း၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
စိုင်းဇာလီထွန်း–မမေသီတာလှမြင့်။

SPRAY PAINT

အထူးအစီအစဉ်

Bosny Spray Paint ... စက်ဘီး ...

TWJS Co., Ltd.

Ph: 681805, 681806, 681383

MYANMAR RYOKO ခရီးသွားလုပ်ငန်းမှ မြို့တွင်း၊ မြို့ပြင်၊ လချုပ် **ကားစီးလုံးငှားသည်။** ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
Ph: 09-500-3659၊ (Off)704229'(Res)610464

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂

ကန့်ကွက်ရန်ကြော်ငြာ

သယ်န်းကျွန်းမြို့နယ် ၈၀န(ရတနာသီရိအိမ်ရာ) မြေကွက်အမှတ် ၁၅၊ ပဒုမ္မာအင်ဗက်(စ်) မင့်ဟိုးဒင်းလီမိတက် အမည်ပေါက်ဂရန်ပျောက်ဆုံးသွားပါ၍ ဂရန်မိတ္တူထုတ်ပေးပါရန် ဤဦးစီးဌာနသို့ လျှောက်ထားခြင်းပေါ် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

---

① Computerized Accounting(12Weeks)

M.Y.O.B

IBM နှင့် Apple Computer

Software

② Basic Computer Course (7 Weeks)

Apple နှင့် IBM-PC Window System

☎ 240456

မဟာသကြၤန်အထူးအစီအစဉ်

မန်းရောဝတီ စက်ပစ္စည်းအရောင်းဆိုင်မှ
မီးစက်၊ရေစုပ်စက်၊အမြင့်တင်ပန့်များကို
အထူးဈေးနှုန်းဖြင့် ငှားရမ်းပေးနေပါသည်

မှတ်ချက်
* စက်အလုံးရေ ကန့်သတ်ထားသည်။
* စက်အသစ်များသာ ငှားရမ်းသည်။
* မိတ်ဟောင်းများအတွက် အထူး Discount
* ပေ ၁၀၀၀အထိ တာဝန်ယူသည်။

ဦးထွန်းဝင်း–ဒေါ်တင်တင်နွဲ့
အမှတ်(၂၁/ဘီ)၊ ဘုရင့်နောင်လမ်းမကြီး၊ ဖုန်း–၆၈၁၈၀၇၊ ၆၈၂၀၆၇

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
နိုင်ငံခြားဘာသာစကား သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) တွင် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်းဘာသာစကား၊ ပြင်သစ် (ဘာသာပြန်) နှင့် မြန်မာဘာသာစကား (နိုင်ငံခြားကျောင်းသားအတွက်) ညနေ သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းစတင်ဖွင့်လှစ်မည့်ရက်မှာ ၂၆–၄–၂၀၀၄ ရက်နေ့ဖြစ်ပြီး သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၁–၄–၂၀၀၄ ရက်နေ့မှစတင်လက်ခံပါမည်။သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိလို ပါက ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် လာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း–၅၁၄၃၇၁(လိုင်းခွဲ–၁၂၃)

BONNYCARE (BEAUTY SALOON)
အမျိုးသား/အမျိုးသမီး

အထူးအစီအစဉ် (၅)ကြိမ်အားပေးသူကို တစ်ကြိမ်အခမဲ့ ဝန်ဆောင်မှု ပေးနေပါပြီ။

၅၄(C) ဆရာစံလမ်း၊ ဗဟန်း၊ ဖုန်း–၅၅၅၆၂၇

SKY

- BASIC ELECTRICIAN COURSE
- PRACTICAL MARINE ELECTRICAL KNOWLEDGE
- A.C SINGLE PHASE MOTOR
- SPECIAL COURSES

အထူးလျှော့ဈေး

လှမဥ္ဇူအထည်ဆိုင်မှ ယုဇနပလာဇာ ဈေးပွဲတော်ကာလ ၃၁–၃–၂၀၀၄ မှ ၈–၄–၂၀၀၄ အတွင်း ချည်ဇာ၊ လီနင်ဇာ၊ ပွဲထိုင်ဇာ အမျိုးမျိုးကို အထူးလျှော့ဈေးဖြင့် လက်လီ လက်ကား ရောင်းချပေးပါမည်။

လှမဥ္ဇူအထည်ဆိုင် ယုဇနပလာဇာ
မျက်နှာစာတန်း

MCC Desktop Publishing (DTP) Course

- Text Production Skill
- MS Word
- Adobe PageMaker
- CorelDraw
- Print Shop Premier Edition

Aircon Express

ရွှေစံပါယ်ကုမ္ပဏီ

သင်္ကြန်အထူး Discount

သင်္ကြန်လည်မယ့်သူတွေအတွက် ဂျစ်ကားများကို Discount နဲ့ ရောင်းချပေးနေပါပြီ။

အမှတ်(၉)၊ဘုရင့်နောင်လမ်း၊
ကမာရွတ်မြို့နယ်၊
ဖုန်း–၅၁၅၂၀၄

VACANCIES

(For Local Service Only)

We are seeking for qualified candidates for the following posts concerning Oil & Gas developing business.

1. Receptionist 1 Post
- Female, under 30 Years is preferable.
- University Graduate
- Must be fluent in English
- Must have good personality

2. Secretary 5 Posts
- Female, under 30 Years is preferable.
- University Graduate
- Must be fluent in English
- Computer literate

3. Accountant 1 Post
- Female, under 35 Years is preferable.
- B.Com, CPA
- Must be fluent in English
- Computer literate
- More than 5 Years work experience in related field is preferable.

4. Administrator 1 Post
- Male
- University Graduate
- Must be fluent in English
- Computer literate
- More than 5 Years work experience in related field is preferable.

5. E&P (Exploration & Production) 3 Posts
- Male or Female
- B.E Petroleum, B.E Mining, B.Sc Geology
- Must be fluent in English
- Computer literate
- Qualified in Geology, Geophysics, Petroleum Geology (Please apply with University Final Year Marks Record)

6. Graphic 1 Post
- Male or Female
- University Graduate
- Must be fluent in English
- Must be able to use Computer- Corel Draw, Adobe Photoshop.
  (Preferable those who can use CAD)

Interested person may submit detailed CV with relevant documents, a recent photo, expected salary, labor registration card, and contact phone number to the Human Resource Manager, No. 22, Yawmingyi Road, Dagon Township, Yangon, Myanmar.

Closing Date of application is 10 April, 2004
Tel. : 379120, 379121, 379123, 379124



သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည် ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်းတောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်း သိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
အာလ်ဟာဂျ်အရွတ် မိုဟာမက်ပတေးလ်
အသက်(၆၂)နှစ်

မန္တလေးမြို့၊ အမှတ် ၂၀၀/၇၊ ၄ပိတန်းလကျားရပ်နှင့် ရန်ကုန်မြို့၊ အမှတ် ၆၉(အီး)၊၆ (၁/၂)မိုင်နေ (ဟာဂျီအမ်အီးပတေးလ်–ဟာဂျီမအမီနာဘီဘီ) တို့၏သား၊ ဟာဂျီမဟာဇရာဘီဘီ(ဘိုလတ်အထွေထွေလုပ်ငန်းကုမ္ပဏီလီမိတက်)၏ခင်ပွန်း၊ (ဟာဂျီအာမက်ပတေးလ်၊ ဟာဂျီမဟာဝါဘီဘီ၊ ဒေါ်ဂိုရီဘီဘီ၊ ဒေါ်ချိုတီဘီဘီ)၊ ဟာဂျီဦးဆူလမန်ပတေးလ်တို့၏ညီ/မောင်၊ ရန်ကုန်မြို့နေ(ဟာဂျီအီစ်ဟာက်ပတေးလ်)၊ မန္တလေးမြို့နေ (ကာစင်ပတေးလ်)၊ ဟာဂျီရာကွတ်ပတေးလ်တို့၏ညီသည် ၂၇-၃-၂၀၀၄ ရက် နံနက်၅း၃၀နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်တင့် (ဒလ)
တပ်မတော်–ရေ(ငြိမ်း)
အသက်(၆၁)နှစ်

ဒလမြို့နေ ဦးထွန်းရင်–ဒေါ်ခင်လှတို့၏သား၊ ဦးအုန်းညွန့်–ဒေါ်ကြည်တို့၏သားသမက်၊ ဒလမြို့၊ အမှတ်၂၉၊ နှင်းဆီမြိုင်လမ်းနေ ဒေါ်အုန်းကြည်၏ခင်ပွန်း၊ ကိုအေးကျော်–မမိမိနိုင်၊ မစိုးစိုးမြင့်(တရားရုံးချုပ်ရုံး)၊ မောင်ကျော်ဝင်း၊ မောင်ရဲဝင်း–မအေးအေးမင်းတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပန်းဆိုးတန်း သမ္မန်ဆိပ်မှ ကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုအောင်နိုင်(ခ) ကိုကျော်နိုင်(ခ)ကိုဂျော်နီ
LL.B
စိန့်ဂျွန်းကျောင်းသားဟောင်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊အမှတ် ၁၁၄/၁၁၈ နေ (ဦးချစ်ထွန်း–ဒေါ်မြသန်း)တို့၏သား၊ (ဦးစိုး–ဒေါ်စိန်ကျင်)တို့၏ သားသမက်၊ ဒေါ်ခင်စိန်၏တူ၊ (ကိုဝင်းနိုင်)–မမြင့်မြင့်ဆွေတို့၏ညီ/မောင်၊ ကိုဇော်လေးထွန်း–မကြူကြူဆွေတို့၏အစ်ကို၊ (ဗိုလ်ကြီးစန်းမြင့်) – ဒေါ်ယဉ်ယဉ်အေး၊ ဒေါက်တာမောင်မောင်ဦး–ဒေါ်အေးအေးမူ၊ ဦးသန်းစိုး–ဒေါ်စန်းစန်းမူ(အရာထမ်းဦးကွန်ပျူတာ၊ လွစ္စလမ်း)တို့၏ညီ/မောင်၊ မအိဆွေမွန်(XB၊ အထက–၃၊ ဒဂုံ)၊ မောင်အောင်ဟိန်းထွန်း(TTC၊ ကမာရွတ်)တို့၏ဦးလေး၊ မောင်ဟိန်းထက်အောင်(VIII A၊ အထက–၃၊ ဒဂုံ)၊ မဆုသက်အောင်(V A၊ အထက–၃၊ ဒဂုံ)တို့၏ဖခင်၊ မတင်တင်အေး၏ ခင်ပွန်းသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မလှလှဝင်း
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၈လမ်း၊ အမှတ်၇၇/၈၉၊ အခန်းအမှတ် ၃၀၆ နေ (ဦးအုန်းကြိုင်)–ဒေါ်ကျင်လှတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၁၁၊ (ပထပ်)၊ ၁၃ လမ်းနေ (ဦးသိန်းကျော်)–ဒေါ်ရှုလျှန်တို့၏ သမီး၊ မောင်တင်သိန်း၏ဇနီး၊မောင်ထွန်းကိုနိုင် (အထက–၁၊ ဒဂုံ)၊ မောင်ထက်ခိုင်ကျော် (အမက–၁၊လသာ)တို့၏ မိခင်သည် ၂၈-၃-၂၀၀၄ရက် နံနက်၄း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ ရက် နံနက်၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ ကျောင်းဒါယကာကြီး
ဦးမောင်ကြီး
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ၁၄၈လမ်း၊ အမှတ် ၇နေ (ဒေါ်စိန်ယဉ်)၏ခင်ပွန်း၊ ဦးမျိုးဟန်(လှလေးစိန်စတိုး၊ သန်လျင်)–ဒေါ်သိန်းယုဆွေ(အထက–၄၊ လှိုင်)၊ ဒေါ်မေရီသွင်၊ ဒေါ်အေမီသွင်၊ ဒေါ်စန်းစန်းသွင်(လဝက)၊ ဒေါ်ခင်လေးသွင်၊ ဦးစိုးမြင့်အောင်၊ ဒေါက်တာမျိုးအောင် (အရိုး၊အကြောကုဌာန၊ YGH)–ဒေါ်ခင်မာသွယ်၊ ဦးမျိုးလွင်၊ ဒေါ်သီတာဝင်း (JAT)၊ ဦးလရောင်(2nd Year-YIT)၊ ဦးကျော်သူရ (Geologist)–ဒေါက်တာအလိမ္မာဝင်းသိန်း၊ ဗိုလ်ကြီးမြဉမ္မာဆွေ–ဗိုလ်ကြီးသက်အောင်၊ ဦးသူရဆွေ–ဒေါ်နန်းစင်သီတာထွန်း(ဆန်ဘုရင်)၊ ဒေါ်စန္ဒာဝင်း (Sedona)–ဦးမျိုးမင်းစိုး (MAI)၊ မြနန္ဒာဉာဏ်ထွန်း(B.C.Sc)၊ မြရောဉာဏ်ထွန်း(B.P.Sc)၊ ဇေယျာအောင်(B.P.Sc)၊ ပြည့်ဖြိုးအောင်(2nd Year-I.C)တို့၏ ဘိုးဘိုးကြီး၊ မြစ် ၁၃ယောက်တို့၏ဘေးဖြစ် သူသည် ၂၆-၃-၂၀၀၄ ရက် နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အမာ(ခ)နန်းမိုင်
မောက်မယ်
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ ညောင်ပင်လမ်း၊ အမှတ် ၄၇ ပထမထပ် လက်ယာခန်းနေ (ဦးစန်နွဲ့–ဒေါ်နန်း)တို့၏သမီး၊ (ဦးဂေါ်တုန်– ဒေါ်စိန်ဌေး)တို့၏ချွေးမ၊ (ဦးစောဝင်း)၏ဇနီး၊ (ဦးလှဝင်း)–ဒေါ်ရီ၊ ဒေါက်တာခင်မောင်ညွန့်– ဒေါ်လှလှခင်တို့၏ယောင်းမ၊ ဦးသန်းဝင်း–ဒေါ်မေရီထူး၊ ဦးခင်မောင်ဝင်း–ဒေါ်ခင်မာကြည်တို့၏မိခင်၊ မောင်ဇေယျာဘိုဘို၊ မောင်ရဲမင်းသူ၊ မောင်အောင်စိုးဝင်း၊ မောင်စိုင်းနေဝင်း၊ မောင်မြတ်စိုးဝင်း၊ မောင်သူရိန်ထူး၊ မရွှေယမင်းဦးတို့၏အဘွားသည် ၂၇-၃-၂၀၀၄ရက် နံနက်၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းမြင့်
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ တိုက်အမှတ် ၁၆(ငါးလွှာ)၊ မဟာဘောဂလမ်းနေ ဦးအေးလွင်၏ဇနီး၊ ဦးကျော်ခင်(ညွှန်မှူး၊ ငြိမ်း၊ ကျောက်မျက်)–ဒေါ်စိန်စိန်တို့၏ညီမ၊ ဦးဇော်မျိုးဦး(2/O)–ဒေါ်လွင်လွင်မာ၊ ဦးနိုင်ထွန်းအောင်(Cafe Aroma)–ဒေါ်မြင့်မြင့်သိန်း၊ မောင်အောင်ကျော်မိုး၊ မောင်အောင်ကျော်မျိုး တို့၏မိခင်၊ မောင်ဟိန်းထက်လင်း(KG-B TTC)၊ မဇာခြည်ထွန်းတို့၏အဘွားသည် ၂၈-၃-၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဝေ
အသက်(၄၀)

ရန်ကုန်မြို့၊ ရန်ကင်း(Duplex)၊ (၁၅၄/ခ) ရန်နိုင်လမ်းသွယ်–၈၊ (၄)ရပ်ကွက်နေ(ဒုတိယဗိုလ်မှူးကြီးတင်ထွန်း)–ဒေါ်မမစိန်တို့၏ သားထွေး၊ ဦးပြုံးမောင်မောင်– ဒေါ်ခင်သီတာထွန်း၊ ဗိုလ်မှူးအေးကိုကို(ငြိမ်း)– ဒေါ်နီလာဝေ၊ ဦးမိုးမြင့်တို့၏ညီထွေးသည် ၂၇-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ ရှမ်းကြီးကျောင်းတိုက်၊ ဦးစီးပဓာနနာယက
မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ
မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသံဝရ
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ ရှမ်းကြီးကျောင်းတိုက် ဦးစီးပဓာန နာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသံဝရသည် ၁၃၆၅ ခု နှောင်းတန်ခူးလဆန်း ၇ ရက်၊ (၂၇-၃-၂၀၀၄) ရက် စနေနေ့ နံနက် ၈း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏အန္တိမအဂ္ဂိ ဈာပနပူဇာသဘင်ကို တန်ခူးလပြည့်ကျော် ၂ရက် (၆-၄-၂၀၀၄)ရက်အင်္ဂါနေ့တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်ကြီး
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ၁၄၈လမ်း၊ အမှတ် ၇နေ (ဒေါ်စိန်ယဉ်)၏ခင်ပွန်း၊ (ဦးမြင့်သွင်)–ဒေါ်စိုးစိုး၊ ဒေါက်တာဦးကျော်သက် (မြို့နယ်ဆရာဝန်ကြီး၊ ငြိမ်း)–ဒေါ်တင်တင်လှ (SAT၊ငြိမ်း)၊ (ဦးမြဝင်း)–ဒေါ်စိန်စိန်ရီ၊ ဦးမြင့်ခိုင် (SAT၊ ငြိမ်း)–ဒေါ်တင်တင်ကြည် (SAT၊ငြိမ်း)၊ ဦးကျော်စိန်(မန်နေဂျာ၊ လယ်စိုက်ရှင်း၊ ငြိမ်း) – ဒေါ်စီစီဝင်း (ကထိက၊ငြိမ်း)၊ ဗိုလ်မှူးကိုဆွေ(ငြိမ်း)–ဒေါ်သန်းသန်းရီ၊ (SAT၊ငြိမ်း၊ ဆန်ဘုရင်)၊ ဒေါ်ဝင်းဝင်းကြည်(မြန်မာ့လေကြောင်း)၊ (ဦးခင်မောင်ဝင်း)–ဒေါ်ရင်ရင်စန်း၊ ပါမောက္ခဒေါက်တာဦးဉာဏ်ထွန်း (ဆေးတက္ကသိုလ်၊ မန္တလေး၊ငြိမ်း)–ဒေါ်သင်းသင်းမော်(အိမ်တွင်းမှုကျောင်း၊ ငြိမ်း)၊ ဒေါ်နှင်းဆီတို့၏ဖခင်၊ မြေး ၁၈ ယောက်၊ မြစ် ၁၃ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၃-၂၀၀၄ရက် နံနက် ၉း၁၅နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်ခင်ကြိုင်
(တံတားရှာ)
အသက်(၆၅)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ် ၅၈၆နေ ဦးသန်းတင်(လဝက၊ ငြိမ်း)၏ဇနီး၊ မညွန့်ညွန့်ဝေ၊ ဦးတင်ဝင်း–ဒေါ်ခင်လေးမေ(ကပစ–၁၄)၊ ဗိုလ်ကြီးသက်တင်(ငြိမ်း)–ဒေါ်အေးအေးသန်း၊ ဦးဇော်မင်း(လသာတရားရုံး)–ဒေါ်ခင်ခင်ဌေး (လဝက)၊ဦးထွန်းထွန်းလင်း–ဒေါ်စန်းစန်းဌေး (လဝက)၊(မောင်မျိုးမင်းအောင်)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၇-၃-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးငွေသိန်း(ခ) ဦးမင်းသိန်း
(ပထဝီဝင်)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊အမှတ် ၅၅၁၊ ရတနာပုံ ၂လမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ မောင်မျိုးကျော်–မစပယ်တို့၏ဖခင်၊ မစိုးသန္တာလင်း၏ အဘိုးသည် ၂၇-၃-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၀၄ ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်မြလွင်
(မင်းလှ၊ ထန်းပင်ကုန်း)
အသက်(၈၀)

မင်းလှမြို့၊ထန်းပင်ကုန်းကျေးရွာနေ (ဦးဘကျင်–ဒေါ်သိန်း)တို့၏ သမီး၊ သာယာဝတီမြို့နေ (ဦးခ–ဒေါ်လှ)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့သစ်၊က–၇လမ်း၊ အမှတ် ၁၇၉/၁၈၀ နေ ဦးအောင်ကြီး (လ/ထညွှန်ကြားရေးမှူး၊ငြိမ်း)–ဒေါ်ကြူကြူ၊ ဦးမောင်ကို–(ဒေါ်မူမူ)၊ ဦးအုန်းသွင် (G.T.C၊အောင်ဆန်း)–ဒေါ်ဝင်းဝင်းဌေး၊ ဦးစိုးအောင်(MEPE၊ရန်ကုန်တိုင်းပုံဆွဲ)–ဒေါ်ခင်မာချို၊ ဦးမောင်မောင်လွင် (MEPE၊တွံတေး)–ဒေါ်အေးမာလာ၊ ဦးထွန်းထွန်း(MEPE၊ မော်တော်ယာဉ်)–ဒေါ်ယဉ်ယဉ်ထွန်းတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၂ ယောက်တို့၏ အဘွား၊ (ဦးလှမောင်)၏ ဇနီးသည် ၂၇-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်လှရှင်
(သုံးခွ၊မင်းရွာ)
အသက်(၇၅)နှစ်

သာကေတမြို့၊ မင်းနန္ဒာစာသင်တိုက်မှရှင် ဝိနယ၏ရဟန်းမယ်တော်၊ သုံးခွမြို့နယ်၊ မင်းရွာကျေးရွာနေ (ဦးဘိုးမှိ–ဒေါ်ငွေညွန့်)တို့၏သမီး၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၂/မြောက်) ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ် ၃၂ နေ (ဦးအောင်တင်)ဂျုံသိန်းမဆလာ၏ဇနီး၊ ဗိုလ်မှူးသန်းထိုက်–ဒေါ်မြင့်မြင့်မာ၊ ဦးခင်ဇော်–ဒေါ်ကြူကြူလွင်၊ မသီတာချိုတို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၅-၃-၂၀၀၄ရက် နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးရွှေသီး
မောင်တော၊ နတ်မြစ်
(နိုင်ငံခြားရေးဝန်ကြီးဌာန၊ငြိမ်း)
အသက်(၇၀)

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြောင်းကြီးလမ်း၊ အိမ်အမှတ် ၈၅(အေ)နေ (ဦးတရုတ်ဖြူ–ဒေါ်စိန်ဖြူ)တို့၏ သား၊ ဦးပြည်စိုးအောင်–ဒေါ်မြရီ တို့၏ သားသမက်၊ (ဦးဘဘ)–ဒေါ်သန္တာညို၊ (ဦးအောင်ထွန်းရီ–ဒေါ်စံဝင်းဖြူ)၊ (ဦးကျော်ခိုင်)–ဒေါ်ကရင်ဖြူ၊ (ဦးအောင်မင်းသာ)–ဒေါ်မမလေး၊ ဦးရွှေသာ–ဒေါ်တင်ရီတို့၏ညီမောင်(ဦးမောင်ဖြူ)–ဒေါ်လှဖြူ၊ ဦးစိန်ကျော်ဖြူ–ဒေါ်ဒွေးဖြူတို့၏အစ်ကို၊ ကိုရွှေနု(နိုင်ငံခြားရေးဝန်ကြီးဌာန)–မသင်္ဂီဇော၊ မသန်းသန်းရွှေတို့၏ဖခင်၊ မောင်သူရိန်ထွန်း၏ အဘိုးရှင်၊ ဒေါ်ငွေနုစိန်၏ခင်ပွန်းသည် ၂၇-၃-၂၀၀၄ ရက် (စနေနေ့)နံနက် ၁၁း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဗိုဗိုတို့တာဝန်ကျဒေသ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများတိုးတက်ရေးကြိုးပမ်း တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်အခြေခံကောင်းများဖြစ်ထွန်းအောင်စည်းရုံး ဗိုဗိုနိုင်ငံ၊ ဗိုဗိုလူမျိုး၏ အချုပ်အခြာအာဏာနှင့် အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်

ရန်ကုန် မတ် ၂၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၃)မှ သင်တန်းသားသင်တန်းသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ✻

တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့တည်ဆောက်ရေးစီမံကိန်း လေယာဉ် ရပ်နားရန်နေရာ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း-၃) (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စုံညီအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ပြည်နယ်၊တိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များစုံညီစည်းဝေး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ အမှာစကားပြောကြား

ရန်ကုန် မတ် ၂၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ (Myanmar Convention Centre)၌ ကျင်းပရာ ပြည်နယ်/တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များစုံညီအစည်းအဝေးကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက် အမှာစကားပြောကြားသည်။

စုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အကြံပေးပုဂ္ဂိုလ်ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒေါ်နန်းမြတ်နီလာအောင်က ဆောင်ရွက်သည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ■



29-3 (20).p65 1 3/24/05, 7:38 PM